# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့် ၊ ဗုဒ္ဓဟူးနေ့ ၊ (12-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၈၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




**၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ ကို ဂုဏ်ပြုပါ၏။**

ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်
အယ်ဒီတာအာဘော်

# ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့် ပြည်ထောင်စုနေ့

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့(ယနေ့)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် မင်္ဂလာကျက်သရေအပေါင်းနှင့်ပြည့်စုံသော ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါသည်။ မြန်မာ့လွတ်လပ်ရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သော သမိုင်းဝင်မော်ကွန်းတင်သည့် နေ့တစ်နေ့ပင်ဖြစ်ပါသည်။

မြန်မာတို့သည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ခမ်းနားထည်ဝါစွာ လွတ်လပ်စွာနေထိုင်လာခဲ့သော နိုင်ငံဖြစ်သည်။ သို့ရာတွင် နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မတရားတိုက်ခိုက်သိမ်းပိုက်ခဲ့ကြရာ မျိုးချစ်စိတ်ဓာတ် ထက်သန်သော တိုင်းရင်းသားပြည်သူတို့က ရောက်ရာဒေသမှ ရရာလက်နက်ကိုကိုင်စွဲပြီး တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာမျိုးချစ်တို့၏ တွန်းလှန်တိုက်ခိုက်မှုများကို နယ်ချဲ့တို့သည်နှိမ်နင်းပြီး မြန်မာနိုင်ငံကိုသိမ်းပိုက်ကာ တောင်ပေါ်နှင့်မြေပြန့်ဟူ၍ သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ နယ်ချဲ့တို့၏ အမျိုးမျိုးအဖုံဖုံ နည်းမျိုးစုံသုံး၍ သွေးခွဲသည့်ကြားမှ တိုင်းရင်းသားလူမျိုးများသည် စည်းလုံးညီညွတ်မှုကို ပြသခဲ့ကြသည်။

ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် သွေးစည်းညီညွတ်စွာဖြင့် လွတ်လပ်ရေးကို အတူတကွရယူရေးအတွက် ရှမ်းပြည်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့၌ တောင်တန်းမြေပြန့် တစ်ပေါင်းတည်း လွတ်လပ်ရေးရယူမည်ဟူသော ဆွေးနွေးဆုံးဖြတ်ချက်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့်မြေပြန့်ဒေသများ ညီညွတ်ပေါင်းစပ်ပြီး မြန်မာ့လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ပြန်လည်ရယူပေးနိုင်ခဲ့သည်။ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအခြေခံကြောင့်သာလျှင် မြန်မာ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်ပြီး တစ်နည်းဆိုရလျှင် ပြည်ထောင်စုအားကြောင့်ပင်ဖြစ်သည်။ ပြည်ထောင်စုအားသည် ပြည်ထောင်စုအတွင်းရှိ ပြည်နယ်၊ တိုင်းဒေသကြီးအားလုံးတို့၏ စုပေါင်းအားဖြစ်သည်။ ထိုစုပေါင်းအားသည် ပြည်ထောင်စုသားတိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်တွင် မူတည်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး စုပေါင်းနေထိုင်လျက်ရှိရာ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အချင်းချင်းရိုင်းပင်းကူညီမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံသော မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့သည် မြန်မာ့သမိုင်းတွင် အထင်အရှားကမ္ပည်းတင်ထားနိုင်ခဲ့သည်။ ထိုပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားအားလုံးတို့က ဆက်လက်ထွန်းကားပြန့်ပွားအောင် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်ကြရမည်။ ထို့ပြင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးအတွက်လည်း အရည်အချင်းမြင့်မားပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသောမျိုးဆက်သစ်များကို ဆက်လက်ပြုစုပျိုးထောင်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"**တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ထား၍ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ဆက်လက်ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် တင့်တယ်နေစေရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဥမကွဲသိုက်မပျက် ခိုင်မြဲစွာလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၆၃ ဧက စိုက်ပျိုးမည်

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၆၃ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၆၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မတ်လမှ စတင်စိုက်ပျိုးမည်ဖြစ်ကာ နှမ်းစိုက်ပျိုးမှုအနေဖြင့် ဆောင်းနှမ်းကိုသာ အဓိကထား၍ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ နှမ်းဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် GAP နည်းစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများကို ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း နှစ်လခွဲစပါး တင်းရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း နှစ်လခွဲစပါး တင်းရေ ၇၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက နှစ်လခွဲစပါး တင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ နှစ်လခွဲစပါး တင်းရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇန်နဝါရီလက နှစ်လခွဲစပါးတင်းရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိစပါးဈေးကလဲ ကောင်းနေပါတယ်။ နှစ်လခွဲစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ နှစ်လခွဲစပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဒေါ်ဝေဝေမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ကပ်ကျေးအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သာစည် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကပ်ကျေးအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကပ်ကျေးအင်း ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကပ်ကျေးအင်းကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ပေ ၂၅၄၀ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် သိန်း ၂၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၉၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၆ လမ်း၊ ၃၈-၃၉ လမ်းကြားနေ ဦးထွန်းနိုင် မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့တာဆွမ်း အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူစဉ်။

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၅၀၁ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၄၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲ ၁၂၄၅၅ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၁၂၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းယောင်းမြို့နယ် ဝမ်းဖကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင်ပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်းလိုက်ကျေးရွာအုပ်စု ဝမ်းဖကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဝမ်းဖကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဘက်စုံသုံးခန်းမဆောင်ကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၇၀ အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဒေသထွက် ဖူးစားပြောင်းဖူးရေ ၁၃၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဖူးစားပြောင်းဖူးရေ ၁၃၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ဒေသထွက်ဖူးစားပြောင်းဖူးရေ ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဖူးစားပြောင်းဖူးရေ ၁၃၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်းဖူးရေ ၁၃၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများ တင်ပို့ရောင်းချနေရတော့ ကုန်သည်တွေကအစ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်"ဟု ကျိုက်လတ် မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ဖူးစားပြောင်းဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၃၃၀၀၀၀ မှ ၃၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ဖူးစားပြောင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများပြားနေခြင်းကြောင့် ပြောင်းစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# အနော်ရထာမင်း၏ မြေလှူမှတ်တမ်းကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)



မြေလှူမှတ်တမ်းကျောက်စာ ထိန်းသိမ်းထားသည့်ကျောက်စာရုံကို တွေ့ရစဉ်။

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် မှတ်တမ်းကျောက်စာများအနက် အများစုကို ပုဂံခေတ်နှောင်းပိုင်းတွင်ရေးထိုးခဲ့သည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် ပုဂံဘုရင်နှင့်မိသားစုဝင်များ ရေးထိုးခဲ့သည့် ကျောက်စာများရှိသကဲ့သို့ အလွှာအသီးသီးက ပုဂ္ဂိုလ်များရေးထိုးခဲ့သည့် ကျောက်စာများကိုလည်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ကျောက်စာရေးထိုးသည့် အလေ့အထသည် ပုဂံခေတ်မတိုင်မီကပင်ရှိခဲ့သော်လည်း မြန်မာဘာသာဖြင့် ရေးထိုးသည့် ကျောက်စာများကို ကျန်စစ်သားမင်းနတ်ရွာစံပြီးနောက်တွင် ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာထက်စော၍ မတွေ့ရသေးချေ။ ထို့ကြောင့် ပညာရှင်များနှင့် သုတေသီများက မြန်မာစာအရေးအသားသည် ပုဂံခေတ်နှောင်းပိုင်းတွင် စတင်ခဲ့သည်ဟု ယူဆမှုများရှိခဲ့သည်။ သို့သော် ထိုယူဆချက်အပေါ်တွင် အငြင်းပွားမှုများရှိခဲ့သည်။

သမိုင်းအထောက်အထား အထင်အရှားရှိသည့် အနော်ရထာမင်းလက်ထက် (၁၀၄၄-၁၀၇၇) တွင် ရေးထိုးခဲ့သည့် ကျောက်စာမဟုတ်သော်လည်း အနော်ရထာဘုရင်နန်းစံနေသည့် ကာလဖြစ်သည့် ခရစ်နှစ် ၁၀၅၉ ခုနှစ်ရက်စွဲဖြင့် ရေးထိုးထားသော နှောင်းခေတ်ထိုးကျောက်စာကို ပုဂံတုရင်တောင်ရှိ ကျောက်စာရုံတွင် ထိန်းသိမ်းထားသည်။ ထိုကျောက်စာသည် တုရင်တောင်ပေါ်ရှိ စွယ်တော်စေတီသို့ အနော်ရထာမင်းကြီး မြေလှူဒါန်းသည့် မှတ်တမ်းဖြစ်သည်။

**အနော်ရထာမင်းကြီး၏အလှူ**

တုရင်တောင်သည် ပုဂံမြို့၏ အရှေ့တောင်ဘက်တွင်တည်ရှိကာ သက်စိုးတောင်တန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

သမိုင်းပညာရှင် အငြိမ်းစားပါမောက္ခ ဆရာဦးနီတွတ်က သက်စိုးတောင်တန်းဒေသကို တုရင်တောင်ခြေမြကန်ဝန်းကျင်၊ တုရင်တောင်၊ ဆိတ်တောင်၊ တောင်လယ်တောင်-သိကြားတောင်နှင့် သက်စိုးတောင်ဟု ပရိဝုဏ်ငါးခုပိုင်းခြားခဲ့သည်။ ထိုပရိဝုဏ်ငါးနေရာတွင် ကျောက်စာတိုင် ၂၀ ရှိသည့်အနက် တုရင်တောင်တွင် ကျောက်စာတိုင် ရှစ်တိုင်ရှိကြောင်း ဖော်ပြခဲ့သည်။

တုရင်တောင်မှရရှိခဲ့သည့် ကျောက်စာများသည် (၁) ၁၂၁၂ ခုနှစ်တွင်ရေးထိုးသည့် စေရဟန်သိမ်ပြုပြင်တည်ဆောက်မှုကျောက်စာ၊ (၂) ၁၂၁၉ ခုနှစ်တွင်ရေးထိုးသည့် တုရင်တောင်ဘုရားကို ဥယျာဉ်နှင့်မြေလှူသည့် မှတ်တမ်းကျောက်စာ၊ (၃) ၁၂၂၅ ခုနှစ်တွင်ရေးထိုးသည့် အရည်းငါစိုက်သင်၏ ယာနှင့်ကျွန်အလှူမှတ်တမ်းကျောက်စာ၊ (၄) ၁၂၂၆ ခုနှစ်တွင်ရေးထိုးသည့် အရည်းငါစိုက်သင်၏ ယာနှင့် ကျွန်အလှူမှတ်တမ်းကျောက်စာ၊ (၅) ၁၂၅၆ ခုနှစ်တွင် ရေးထိုးသည့် မိဖုရားအိုပြည့်သင်၏ ဂူဘုရားတည်သည့် မှတ်တမ်းကျောက်စာ၊ (၆) ၁၃၆၃ ခုနှစ်က ရေးထိုးခဲ့သည့် တုရင်စွယ်တော်ကျောက်စာ၊ (၇) ၁၃၆၃ ခုနှစ်တွင်ရေးထိုးခဲ့သည့် အနော်ရထာဘုရင် မြေအလှူမှတ်တမ်းကျောက်စာနှင့်(၈) ၁၇၈၅ ခုနှစ်တွင် ဗဒုံမင်း၏ထပ်ဆင့်အလှူ ဆင့်ထိုးကျောက်စာတို့ဖြစ်သည်။

၎င်းတို့အနက် အနော်ရထာမင်းကြီး၏ အလှူမှတ်တမ်းကျောက်စာသည် တုရင်တောင်ကျောက်စာတိုင်အမှတ် (၄)ဖြစ်သည်။

ထိုကျောက်စာသည် ၁၀၅၉ ခုနှစ်က အနော်ရထာမင်းကြီး တုရင်တောင်စွယ်တော်ဘုရားကို မြေလှူဒါန်းခဲ့မှုကို ၁၃၆၃ ခုနှစ်နောက်ပိုင်းတွင် ရေးထိုးခဲ့သည့်မှတ်တမ်းဖြစ်သည်။

**တုရင်တောင်နှင့် စွယ်တော်စေတီ**

ပုဂံစွယ်တော်လေးဆူသည် အနော်ရထာမင်းကြီးတည်ခဲ့သည့် စေတီများဖြစ်၍ ဘုရားရှင်၏စွယ်တော်များကိုဌာပနာ၍ တည်ထားခဲ့ကြောင်း ရာဇဝင်ကျမ်းဆရာများက ရေးသားကြသည်။ မြေပြန့်စွယ်တော်စေတီနှစ်ဆူဖြစ်သည့် ရွှေစည်းခုံနှင့် လောကနန္ဒာတို့သည် ညောင်ဦးနှင့်ပုဂံတွင်တည်ရှိပြီး တောင်ပေါ်စေတီနှစ်ဆူသည် တုရင်တောင်နှင့်တန့်ကြည့်တောင်ပေါ်တွင် တစ်ဆူစီတည်ရှိသည်။

သီဟိုဠ်ကျွန်းမှ ပထမဝိဇယဗာဟုမင်းသည် အနော်ရတာမင်းကြီးထံ ပိဋကသုံးပုံနှင့်တကွ ရဟန်းသံဃာတော်များနှင့် ဆင်ဖြူတော်တစ်စီးကို အလှူခံခဲ့သည်။ အနော်ရထာသည် သီဟိုဠ်ဘုရင်၏ အလှူခံမှုကို ဆောင်ရွက်ပေးခဲ့သဖြင့် သီဟိုဠ်ဘုရင်က ကျေးဇူးတုံ့ပြန်သောအားဖြင့် ဗုဒ္ဓစွယ်တော်ပွားတစ်ဆူကို ဓမ္မလက်ဆောင်ပြန်လည်ပေးခဲ့သည်။

အနော်ရထာမင်းကြီးသည် ၎င်းစွယ်တော်ပွားကို ရွှေစည်းခုံစေတီတွင် ဌာပနာပြီး စွယ်တော်တစ်ဆူပွား၍ ဆင်ဖြူတော်ပေါ်တင်ကာ အဓိဋ္ဌာန်ဖြင့်စေလွှတ်ခဲ့ရာ ဆင်ဖြူတော်က တန့်ကြည့်တောင်တွင်ဝပ်ခဲ့သည်။ အနော်ရထာသည် စွယ်တော်တစ်ဆူ ထပ်မံပွား၍ စေလွှတ်ပြန်ရာ ဆင်ဖြူတော်သည် ဧရာဝတီမြစ်ကမ်းအနီး ကုန်းမြင့်တွင်ဝပ်ခဲ့သည်။ ထိုမှတစ်ဖန် စွယ်တော်တစ်ဆူထပ်မံပွား၍ စေလွှတ်လိုက်သည့် ဆင်ဖြူတော်သည် တုရင်တောင်တွင်ဝပ်သဖြင့် ဆင်ဖြူတော်ဝပ်ခဲ့သည့်နေရာများတွင် စွယ်တော်စေတီတစ်ဆူတည်ခဲ့ရာ ထိုစေတီများသည် စွယ်တော်လေးဆူဟုထင်ရှားခဲ့သည်။

အနော်ရထာမင်းသည် တုရင်စွယ်တော်စေတီကို ဖိနပ်ရှစ်မြှောင့်ခံ၍ လောကနန္ဒာစေတီကဲ့သို့ပင် ခေါင်းလောင်းပုံတည်ခဲ့သည်။ အောက်ခြေတွင် ဆင် ၃၂ ကောင်ခံကာတည်ခဲ့သည့် မူလစေတီတော်သည် သေးသွယ်၍ အပေါ်သို့ချွန်သွားသည့် ဖောင်းရစ်အဆင့်ဆင့်ပါရှိသည့် ရိုးရှင်းသောပုံစံဟုဆိုကြသည်။ သို့သော် မူလစေတီတော်ကို ခေတ်အဆက်ဆက်ပြုပြင်ခဲ့ကြသဖြင့် လက်ရှိတုရင်စွယ်တော်စေတီသည် တန့်ကြည့်တောင်စေတီကဲ့သို့ပင် ခေတ်လက်ရာစေတီအသစ်ဖြစ်နေပြီဖြစ်သည်။

တုရင်တောင်သည် ပုဂံမြို့မှအရှေ့တောင်ဘက်သို့ ခြောက်မိုင်ကွာဝေးပြီး ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်း၏ အနောက်ဘက် နှစ်မိုင်အကွာတွင်တည်ရှိသည်။ တုရင်တောင်သည် မြောက်ဘက်ရှိ သက်စိုးတောင်နှင့်ဆက်စပ်နေပြီး လွန်ခဲ့သော နှစ် ၂၅ သန်းက ဖြစ်ပေါ်ခဲ့သည့် သဲကျောက်တောင်ဟု ဆိုကြသည်။

တုရင်တောင်ခြေရှိ မြကန်ပဟောင်းကို တောင်ပေါ်မှ မြင်တွေ့ကြရသည်။ တုရင်တောင်တန်းနှင့် အနောက်ဘက်တွင် ယှဉ်လျက်ရှိသော တောင်တန်းအနိမ့်တစ်ခုအကြားသို့ တုရင်နှင့်သက်စိုးတောင်များမှ မိုးရေများစီးဆင်းသည်။ ထိုမိုးရေများသည် တောင်ကြား၌ တောင်မှမြောက်သို့ စီးဆင်းသည့်ချောင်းအတွင်းဝင်ရောက်ကြကာ ချောင်းကိုမြောက်ဘက်တွင်တာဖို့၍ မြကန်ပြုလုပ်ခဲ့သည်ဟု အဆိုရှိသည်။

တုရင်တောင်ခြေသည် မြန်မာတို့၏ နှုတ်ပြောရာဇဝင်တွင် ထင်ရှားသည့်နေရာတစ်ခုဖြစ်ပြီး ဦးပေါင်းကျားနှင့် မြင်းဖြူရှင် ဟန်ဆောင်ကာ အလောင်းစည်သူမင်းကြီး အစွမ်းပြခဲ့သည့် နေရာဟု ပြောစမှတ်ရှိခဲ့သကဲ့သို့ ရှင်အရဟံ ဈာပန ကျင်းပခဲ့သည့်နေရာဟုလည်း ယုံကြည်ကြသည်။

တုရင်ဟူသည့်အမည်ကို တုရင်တောင်စေတီအဝင်ရှိ ကျောက်စာရုံရှိ စေရဟန်ကျောက်စာ၌ "တုရင်တောင်ထက် စေရဟန်သိမ်ပျက်ခဲ့ရကာ"ဟု တွေ့ရှိရသည်။ ထို့အတူ တုရင်တောင်စွယ်တော်စေတီကျောက်စာတွင် "တုရင်တောင်ထက် ဇေိုက်သင်ပုထိုးတလုံး လှူသောယာ ၄ ပယ်"ဟု ဖတ်ရှုရသည်။ တုရင်သည် ပါဠိဝေါဟာရ တုရင်္ဂမှဆင်းသက်လာပြီး မြင်းနှင့်တူသောဟု အဓိပ္ပာယ်ရသည်။

**အနော်ရထာမင်းကျောက်စာ**

ပုဂံဘုရင် အနော်ရထာမင်းကြီး(၁၀၄၄-၁၀၇၇)သည် တုရင်တောင်ပေါ်၌ မိမိတည်ခဲ့သည့် စွယ်တော်စေတီကို ဆီမီးဝတ်၊ သင်ပုတ်ဝတ် မပြတ်စေရန် ယာမြေလှူခဲ့သည်။ ကျောက်စာအရ လှူဒါန်းမှုကို သက္ကရာဇ် ၄၂၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၅ ရက် (ခရစ်နှစ် ၁၀၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်) ကြာသပတေးနေ့တွင် ပြုလုပ်ခဲ့သော်လည်း ကျောက်စာကို ၃၀၄ နှစ်အကြာ ၁၃၆၃ ခုနှစ်ရောက်မှ အင်းဝဘုရင်သတိုးမင်းဖျားက ရေးထိုးခဲ့သည်။

ကျောက်စာတွင် အနော်ရထာမင်းကြီး အလှူပြုလုပ်သည့်ရက်ကို "သကရစ် ၄၂၀၊ ဖ္လကိုန်နှစ်၊ တပေါင်လ္ဆန် ၅ ရက်"ဟု ဦးစွာမှတ်တမ်းတင်ထားသည်။ ဆက်လက်၍ တံပြတိတ်(ပုဂံပြည်)ကို အစိုးရသော ဩီတြိဘုဝနာဒိပဝရဓမ္မရာဇာ(အနော်ရထာမင်းကြီး)သည် သာသနာနှစ် ၅၀၀၀ မကုန်သရွေ့ တုရင်စွယ်တော်စေတီကို သင်ပုတ်၊ ဆီမီးမခန်းစိမ့်သောငှာ တောင်ရှေ့ရွာမြောက်ယာမြေကို လှူဒါန်းကြောင်းရေးထိုးထားသည်။ လှူဒါန်းမှုတွင် ယာမြေနှင့်အတူ လေက်မည်၊ ငဖုံ၊ ငကုန်း၊ ငကျွံ၊ ငဩြောင်ဟူသည့် ကျွန်ငါးယောက်လည်း ပါဝင်ခဲ့သည်။ ထိုကျွန်များက မင်းကြီးလှူသည့် ယာမြေတွင် အလုပ်လုပ်ကာ စွယ်တော်စေတီကို သင်ပုတ်ဝတ်နှင့် ဆီမီး(ဆွမ်းနှင့်ဆီမီး)ကို မပြတ်လှူဒါန်းရန်ဖြစ်ပေသည်။

ဆင်ဖြူငါးစီးသခင်(ငါးစီးရှင်ကျော်စွာ ၁၃၄၂-၁၃၅၁) လက်ထက်တွင် ပုဂံသင်ကြီးနှင့် လက်ဝဲသင်ကြီးတို့ကပေးသောကြောင့် ယူသည်ဟုဆိုကာ သခင်သံဃာများက ထိုမြေများကို ဝတ်လယ်များအဖြစ် သိမ်းယူခဲ့သည်။ သို့သော် အခွန်တော်သွင်းပါမည်ဟု ရေးထိုးထားရာ ငါးစီးရှင်ကျော်စွာသည် အနော်ရထာမင်းကြီးလှူခဲ့သည့် တုရင်တောင်စွယ်တော်မြေမှ အခွန်ကို နှစ်စဉ်ရရှိမည်ဟု ယူဆရပေသည်။

ထိုဝတ်လယ်များသည် တုရင်စွယ်တော်စေတီအတွက် သင်ပုတ်ဝတ်နှင့် ဆီမီးဝတိ ဝတ္တကမြေဖြစ်သည်။

သို့သော် သံဃာများသိမ်းယူခဲ့သည့် အနော်ရထာမင်းလှူခဲ့သည့်မြေများကိုပြန်လည်သိမ်းယူ၍ တုရင်စွယ်တော်စေတီသို့ ပြန်လည်လှူဒါန်းခဲ့ကြောင်း၊ မြေကိုသိမ်းခဲ့သည့် သံဃာများအတွက် အခြားမြေကို လှူဒါန်းခဲ့ကြောင်း သက္ကရာဇ် ၇၂၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် ရက်စွဲဖြင့် ကျောက်စာတွင်ရေးထိုးထားသည်။ ထိုရက်ကို ခရစ်နှစ်ဖလှယ်လျှင် ၁၃၆၃ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်ဖြစ်၍ အင်းဝဘုရင် သတိုးမင်းဖျား(၁၃၆၁-၁၃၆၇)လက်ထက် ဖြစ်သည်။ ပုဂံ ၁၁ ရွာမှ တုရင်စွယ်တော်စေတီသို့ လှူဒါန်းထားသော ဝတ်လယ်များကိုလည်း ရေစက်သွန်းချကြောင်း ဆက်လက်ရေးထိုးထားသည်။ စာမျက်နှာ ၅ သို့ ➤

❖ပုဂံဘုရင် အနော်ရထာမင်းကြီး (၁၀၄၄-၁၀၇၇)သည် တုရင်တောင်ပေါ်၌ မိမိတည်ခဲ့သည့် စွယ်တော်စေတီကို ဆီမီးဝတ်၊ သင်ပုတ်ဝတ် မပြတ်စေရန် ယာမြေလှူခဲ့သည်။ ကျောက်စာအရ လှူဒါန်းမှုကို သက္ကရာဇ် ၄၂၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၅ ရက် (ခရစ်နှစ် ၁၀၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)ကြာသပတေးနေ့တွင်ပြုလုပ်ခဲ့သော်လည်း ကျောက်စာကို ၃၀၄ နှစ်အကြာ ၁၃၆၃ ခုနှစ်ရောက်မှ အင်းဝဘုရင်သတိုးမင်းဖျားက ရေးထိုးခဲ့သည်။ ကျောက်စာတွင် အနော်ရထာမင်းကြီး အလှူပြုလုပ်သည့်ရက်ကို "သကရစ် ၄၂၀၊ ဖ္လကိုန်နှစ်၊ တပေါင်လ္ဆန် ၅ ရက်"ဟု ဦးစွာမှတ်တမ်းတင်ထားသည်။❖

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၆၅၇၃၈ ဧကရိတ်သိမ်းပြီးစီး၊ အထွက်နှုန်းများကောင်းမွန်



**မြောင်းမြ ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၆၅၇၃၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ကြောင်း မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်၌ မိုးစပါး ၁၆၅၇၃၈ ဧကထိ လျာထားစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလကစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၆ ဒသမ ၈၆ တင်းထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက မြောင်းမြမြို့နယ်မှာ စပါး ၁၆၅၇၃၈ ဧကထိ လျာထားစိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မိုးစပါးတွေ လျာထားဧကအတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်"ဟု မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အဆိုပါမိုးစပါးများကို ဒေသမြေအနေအထား ရာသီဥတုနှင့်ကိုက်ညီသော စပါးအမျိုးအစားများဖြစ်သည့် သီးထပ်ရင်၊ ထိုင်းဘေးကျား၊ GW-1၊ GW11စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ စပါးသီးနှံများကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၄ မှအဆက်**

ထိုကျောက်စာကို ကမ္ပည်းကျောက်စာဌာနက တွေ့ရှိခဲ့ပြီး ပညာရှင်များက ဖတ်ရှုခဲ့သည်။ ပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက်က ဖြစ်ရပ်ကို ၃၀၄ နှစ်ကျော်လွန်မှ ရေးထိုးခဲ့သဖြင့် နှောင်းခေတ်ထိုးကျောက်စာဟု သတ်မှတ်ခဲ့ပုံရကြောင်း အငြိမ်းစားသမိုင်းပါမောက္ခ ဦးနီတွတ်က သုံးသပ်ခဲ့သည်။

**ကျောက်စာအရေးအသား**

အနော်ရထာမင်းကြီး၏ မြေအလှူကျောက်စာသည် စာကြောင်း ၁၈ ကြောင်းပါရှိကာ ခေတ်ကာလ ကွာခြားချက်ကြောင့် ကျောက်စာရေးထိုးရာတွင် ကျန်ခဲ့သည့် စားလုံးများရှိနိုင်ခဲ့သည်။ ကျောက်စာရေးထိုးသည့် သတိုးမင်းဖျားလက်ထက်၊ ၁၃၆၃ ခုနှစ်တွင် ကျောက်စာရေးထိုးသူသည် လွန်ခဲ့သည့် နှစ် ၃၀၀ ကျော်ဖြစ်သည့် ပုဂံက စာကိုကောင်းစွာ မဖတ်နိုင်သဖြင့် ယခုကျောက်စာတွင် ရေးထိုးသည့် စာလုံးပေါင်းသတ်ပုံသည် ဖတ်ရှုရန် အလွန်ခက်ခဲကြောင်း ရှေးမြန်မာကျောက်စာ လေ့လာချက်စာအုပ်တွင် ဖော်ပြထားသည်။

၎င်းစာလုံးများတွင် ဖုဝနာတျှိ(ဘုဝနာဓိတျာ)၊ ပြွ (ပဝရ)၊ သ္မာ ၅၀၀၀ (သာသနာ ၅၀၀၀)၊ ဆာမိ မခန်(ဆီမီးမခန်း)၊ တောင်ရှိယ်မ္လစ်ချာ (တောင်ရှေ့မြောက်ဘက်ရှိရွာ)စသည့်စကားလုံးများကို တွေ့ရှိရသည်။

အနော်ရထာမင်းကြီး မြေလှူကျောက်စာကို ၁၃၆၃ ခုနှစ်တွင် တုရင်တောင်တွင် စိုက်ထူခဲ့သည်။ ယင်းကျောက်စာသည် ယခုတိုင် တုရင်တောင်တွင် ရှိနေဆဲဖြစ်သော်လည်း ၁၇၈၅ ခုနှစ် ၁၉၄၈ ခုနှစ်ထိ အမရပူရ ဆင်ကြို့ရွှေဂူဘုရား၊ ပုထိုးတော်ကြီးဘုရားနှင့် မန္တလေးနန်းတွင်းကျောက်စာရုံတို့သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၁၃ ခုနှစ်တွင် ပုထိုးတော်ကြီးဘုရားရှိ ကျောက်စာများကို စာအုပ်ထုတ်ဝေခဲ့ရာ ကျောက်စာဝန် မစ္စတာတော်စိန်ခိုက ၎င်းကျောက်စာကို ထည့်သွင်းပုံနှိပ်ခဲ့သည်။

အနော်ရထာမင်းကြီး၏ တုရင်စွယ်တော်စေတီသို့ ယာမြေအလှူမှတ်တမ်းကျောက်စာကို ၁၇၈၅ ခုနှစ်တွင် ဆင့်ထိုးကျောက်စာတစ်ချပ်ရေးထိုးခဲ့သည်။ ထိုဆင့်ထိုးကျောက်စာသည် မန္တလေးမြို့၊ မဟာမုနိကျောက်စာရုံတွင်တည်ရှိ၍ ကျောက်စာတိုင်အမှတ်(၆၁) ဖြစ်သည်။

ထိုဆင့်ထိုးကျောက်စာတွင် မူရင်းကျောက်စာ စာသားများကိုဖော်ပြထားပြီး ဆင့်ထိုးကျောက်စာကို မည်သည့်အကြောင်းကြောင့် ရေးထိုးခဲ့ကြောင်း မြေရာဇဝင်မှတ်တမ်းဖြစ်သည့် သမိုင်းလက်စွဲစာကို ထည့်သွင်းရေးထိုးခဲ့သည်။ သို့သော် မြန်မာနိုင်ငံအရပ်ရပ်မှ ကျောက်စာများကိုစုစည်းခဲ့သည့် ကုန်းဘောင်ဘုရင်ဗဒုံမင်း (၁၇၈၁-၁၈၁၉)က သမိုင်းလက်စွဲစာသည် ကျောက်စာကဲ့သို့ ခိုင်လုံမှုမရှိဘဲ ခေတ်အဆက်ဆက်လိုသလိုရေးခဲ့ခြင်းဖြစ် သည်ဟုယူဆကာ ကျောက်စာနှင့် သမိုင်းလက်စွဲ နှိုင်းယှဉ်လျှင် ကျောက်စာကိုသာ အမှန်ဟု ယူရမည်ဟု ဆုံးဖြတ်ခဲ့ပေသည်။

**ကိုးကား**

- **တုရင်တောင်ကျောက်စာတိုင်(၄)**
- **မန္တလေး မဟာမုနိတံတိုင်းအတွင်းရှိကျောက်စာများ သတ္တမတွဲ (ဒေါ်အုန်းကြည် တည်းဖြတ်)**
- **ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၃)(နီတွတ်)**

## ပြည်ထောင်စုအလှ ဖော်ဆောင်ကြစို့

\- မပြိုကွဲအောင်
ညီနောင်သားချင်း
လက်ချင်းတွဲချိတ်
ပြည်ထောင်စုစိတ်။

\- ဆတ်ဆတ်ထိမခံ
နိုင်ငံနှင့်လူမျိုး
မြတ်နိုးလေးစား
မျိုးစောင့်တရား။

\- ဝေမျှမေတ္တာ
စာနာမနော
မြတ်သောစိတ်ထား
ဖြဟ္မစိုရ်တရား။

\- တစ်အူထုံ့ဆင်း
သွေးချင်းတူပျော်
တောင်ပေါ်မြေပြန့်
ခိုင်ခံ့သည်းသိပ်
မျိုးချစ်စိတ်။

\- ပြည်ထောင်စု အခွန့်ရှည်ရေး
ချင့်တွေးလို့ မခိုသာ
လက်တွဲညီညာ၊
တိုးတက်ဖို့ ရည်မြော်ကာ
တို့ဝန်တာ မျှဝေကြ၊
ကိုယ်စီမှာ ရှောင်မရ
ကြိုးစားကာ ဖော်ဆောင်ကြ
ပြည်ထောင်စုအလှ။ ။

**ကျော်စောဟန်**

## နိုင်ငံတကာ သတင်းများ

# သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် တရုတ်သမ္မတနှင့် ဖုန်းခေါ်ဆိုဆွေးနွေးပြီးဖြစ်ကြောင်း ဒေါ်နယ်ထရန့်ပြောကြား



ဝါရှင်တန် ဖေဖော်ဝါရီ ၁၁

သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးနောက်တွင် ၎င်းအနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖုန်းခေါ်ဆို ဆွေးနွေးထားပြီးဖြစ်ကြောင်းအမေရိကန်သမ္မတဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သည်ဖောက်စ်ရုပ်သံသတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်အပါအဝင် တရုတ်ခေါင်းဆောင်များနှင့် ဖုန်းခေါ်ဆိုဆွေးနွေးထားခဲ့ပြီးဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က သည်ဖောက်စ် သတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မည်သည့်အချိန်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့သည်၊ မည်သည့်အကြောင်းအရာများ ဆွေးနွေးခဲ့သည်ကို သမ္မတဒေါ်နယ်ထရန့်က ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရန့်သည် အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာမကျိန်ဆိုမီက တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးမှုပြုလုပ်ခဲ့ပြီးဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရန့်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ ဗြိတိန်သို့ သွားရောက်မည်



လန်ဒန် ဖေဖော်ဝါရီ ၁၁

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် လာမည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဗြိတိန်သို့သွားရောက်၍ ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး၏ ဖေဖော်ဝါရီ ၁၃ ရက် ဗြိတိန်ခရီးစဉ်သည် နှစ်အတန်ကြာ တင်းမာခဲ့ရသည့် ဗြိတိန်-တရုတ် ဆက်ဆံရေး ပုံမှန်အနေအထား ပြန်ရောက်လာမှုကို ပြသလျက်ရှိသည်။

ဗြိတိန်ခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဒေးဗစ်လမ်မီတို့အနေဖြင့် နိုင်ငံတကာလုံခြုံရေးပြဿနာများနှင့် ယူကရိန်းစစ်ပွဲပြဿနာတို့နှင့်ပတ်သက်၍လည်း ဆွေးနွေးမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

လန်ဒန်မြို့၌ သံရုံးသစ်တည်ဆောက်ရေးအစီအစဉ်ကို တရုတ်အစိုးရက ဆိုင်းငံ့ထားရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန် ဗြိတိန်အစိုးရက ညွှန်ကြားခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ ဗြိတိန်ခရီးစဉ်သတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် လန်ဒန်မျှော်စင်အနီးရှိ သမိုင်းဝင်နေရာတစ်ခုကို ဝယ်ယူထားပြီး သံရုံးသစ်တည်ဆောက်ရန် စီစဉ်ထားသော်လည်း ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခု၏ ကန့်ကွက်မှုကြောင့် တည်ဆောက်ရေးအစီအစဉ်ဆိုင်းငံ့ထားရသည်။

အဆိုပါပြဿနာကြောင့် တရုတ်နှင့် ဗြိတိန်တို့ကြား ဆက်ဆံရေး မကျေမလည် ဖြစ်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂွါတီမာလာ၌ ခရီးသည်တင်ဘတ်စကားတစ်စီး ချောက်ထဲထိုးကျမှုကြောင့် အနည်းဆုံး ၅၅ ဦးသေဆုံး



ဂွါတီမာလာစီးတီး ဖေဖော်ဝါရီ၁၁

ဂွါတီမာလာနိုင်ငံ ဂွါတီမာလာစီးတီးမြို့အဝင် အဝေးပြေးတံတားတစ်စင်းပေါ်၌ ဖေဖော်ဝါရီ ၁၀ရက်က ခရီးသည်တင် ဘတ်စကားတစ်စီးလမ်းချော်၍ ချောက်ထဲထိုးကျခဲ့ရာ အနည်းဆုံး လူပေါင်း ၅၅ ဦး သေဆုံးခဲ့ရကြောင်း ဂွါတီမာလာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ခရီးသည်တင်ယာဉ်သည် အဝေးပြေးလမ်းတံတားပေါ်၌ မောင်းနှင်နေစဉ် အရှိန်မထိန်းနိုင်ဘဲ အခြားယာဉ်များကိုဝင်တိုက်ပြီးနောက် ချောက်ထဲထိုးကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချောက်ထဲထိုးကျခဲ့သော ခရီးသည်တင် ဘတ်စကားပေါ်တွင် အသက်ရှင် ကျန်ရစ်သော်လည်း ပိတ်မိနေသည့် ခရီးသည်များကျန်ရှိနေဆဲဖြစ်ရာ ၎င်းတို့ကို ကယ်ထုတ်နိုင်ရေးအတွက် ကြိုးပမ်းနေကြောင်း ဂွါတီမာလာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်းခရီးသည်တင်ဘတ်စကားသည် စန်ဩဂတ်စတင်းအကာဆာဂွါစတာလန်အမည်ရှိမြို့မှ ဆုတ်ခွာလာပြီးနောက် ဂွါတီမာလာစီးတီးမြို့တွင်းသို့ဝင်ရောက်လာချိန်မှာပင် ချောက်ထဲထိုးကျခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးသည်တင် ဘတ်စကား ခရီးသည်အရေအတွက်ကို သတ်မှတ်ချက်ထက်ပိုမိုတင်ဆောင်ထားပြီး ခရီးသည်အရေအတွက် ၇၀ ကျော်ထိ လိုက်ပါလာသည်။

ဘတ်စကားချောက်ထဲထိုးကျမှုကြောင့်သေဆုံးခဲ့ရသူများအတွက် ဂါတီမာလာသမ္မတ ဘာနာဒို အာရီဗာလိုကသုံးရက်ကြာဝမ်းနည်းမှုကာလ ကြေညာခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်နိုင်ငံ လေဆိပ်တစ်ခု၌ လေယာဉ်နှစ်စင်း ဝင်တိုက်မှုဖြစ်ပွား

နယူးယောက် ဖေဖော်ဝါရီ ၁၁

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် စကော့ဒဲလ်မြို့လေဆိပ်၌ ဖေဖော်ဝါရီ ၁၀ ရက် လေယာဉ်နှစ်စင်းဝင်တိုက်ခဲ့ရာ အနည်းဆုံး လူတစ်ဦးသေဆုံး၍ လေးဦးဒဏ်ရာရရှိခဲ့သည်။

လီယာဂျက် ၃၅-အေ အမျိုးအစားလေယာဉ်တစ်စင်း စကော့ဒဲလ်လေဆိပ်သို့ ဆင်းသက်စဉ် ပြေးလမ်းချော်ထွက်ခဲ့ပြီးနောက် ရပ်နားထားသည့် ဂေ့ါဖ်စထရမ်း ၂၀၀ အမျိုးအစား အခြားလေယာဉ်တစ်စင်းကို ဝင်တိုက်ခဲ့ကြောင်း စကော့ဒဲလ်လေဆိပ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လေယာဉ်နှစ်စင်း ဝင်တိုက်ခဲ့ပြီးနောက် လေယာဉ်တစ်စင်းပေါ်တွင် လူတစ်ဦးပိတ်မိနေခဲ့သော်လည်း ကယ်ဆယ်ရေးသမားများက ကယ်ထုတ်နိုင်ခဲ့သည်။

လီယာဂျက်၃၅-အေ လေယာဉ် လေဆိပ်ဆင်းသက်နေစဉ် ပြေးလမ်းချော်ထွက်ခဲ့ရခြင်းအကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။

အမေရိကန်နိုင်ငံ တစ်ဝန်း၌ လေကြောင်းပျံသန်းမှု ဘေးကင်းလုံခြုံရေးအစီအစဉ်များ မြှင့်တင်ထားချိန်တွင် စကော့ဒဲလ်လေဆိပ်၌ လေယာဉ်နှစ်စင်း ဝင်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း အမေရိကန်နိုင်ငံ၌ လူအသေအပျောက် များပြားသော လေကြောင်းမတော်တဆမှု သုံးခုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တာဝန်ရှိသူများက လေကြောင်းပျံသန်းမှု လုံခြုံရေးစည်းမျဉ်းများ မြှင့်တင်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဗြိတိန်ကလေးကစားကွင်းတစ်ကွင်း၌ ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံး ၁၇၀ ကျော်တွေ့ရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၁

အင်္ဂလန်မြောက်ပိုင်း ဝိုလ်လာမြို့ ကလေးကစားကွင်းတစ်ကွင်း မြေအောက်၌ မပေါက်ကွဲသေးသည့် ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံး၁၇၆ လုံးတူးဖော်တွေ့ရှိခဲ့ရကြောင်းဗြိတိန်မီဒီယာများကဖေဖော်ဝါရီ ၁၀ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ကလေးကစားကွင်းပြန်လည်ပြင်ဆင်မွမ်းမံရေး လုပ်ငန်းများအတွက် မြေပြင်တူးဖော်မှုများပြုလုပ်နေစဉ် ပေါက်ကွဲခြင်းမရှိသေးသည့် အဆိုပါဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အလုပ်သမားများ တွေ့ရှိခဲ့သော စစ်လက်ကျန်ဗုံးများအနက် ဖ၈တို့မှာ လေ့ကျင့်ရေးသုံး ၁၀ ပေါင်ဗုံးများဖြစ်ကြသည်။

၎င်း စစ်လက်ကျန်ဗုံးများမှာ ဖောက်ခွဲရေးစနစ် အသက်ဝင်နေဆဲဖြစ်ရာ ပေါက်ကွဲမည့်အန္တရာယ်ရှိနိုင်ကြောင်း ဗြိတိန်ဗုံးကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဗြိတိန်ဗုံးကျွမ်းကျင်သူများသည် ဝိုလ်လာမြို့ စကော့ကလေးကစားကွင်း၌ စစ်လက်ကျန်ဗုံးဟောင်းဆက် ရှိ၊ မရှိ ဆက်လက်ရှာဖွေနေကြဆဲဖြစ်သည်။

စကော့ ကလေးကစားကွင်းနေရာသည် ဒုတိယကမ္ဘာစစ်ကပြည်တွင်းအပျော်တမ်း အစောင့်တပ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးကွင်းဖြစ်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ် ကမ္ဘာပတ်လမ်းမှခွာထွက်၍ လဆီသို့ ဦးတည်ပျံသန်းနေပြီဖြစ်



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်သည် ကမ္ဘာပတ်လမ်းမှခွာထွက်၍ လဆီသို့ ဦးတည်ပျံသန်းနေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်သတင်းများအရ သိရသည်။

Blue Ghost လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၈ ရက်တွင် ဒုံးအင်ဂျင်စနစ်များကိုဖွင့်၍ ကမ္ဘာပတ်လမ်းပေါ်မှ ခွာထွက်ခဲ့ပြီး လေးရက်ကြာ လကမ္ဘာခရီးစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း Firefly Aerospace ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် Blue Ghost လဆင်းယာဉ်သည် လပတ်လမ်းအတွင်း ဝင်ရောက်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၉ ရက်က ဒုံးအင်ဂျင်များ အကူအညီဖြင့် ပျံသန်းရာလမ်းကြောင်း ပြောင်းလဲပြင်ဆင်မှု တစ်ရပ်လည်း ထပ်မံလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် Blue Ghost လဆင်းယာဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် လပတ်လမ်းအတွင်းဝင်ရောက်ပြီးချိန်တွင် လကို ၁၆ ရက်ကြာ လှည့်ပတ်ပျံသန်းပြီးနောက် လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားမည်ဖြစ်သည်။

Blue Ghost လဆင်းယာဉ်သည် ဖားခရီစီယမ်အမည်ရှိ လကမ္ဘာလွင်ပြင်ဒေသပေါ်သို့ ဆင်းသက်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**


## အေသီနာလဆင်းယာဉ်က ခုန်ပျံသွားလာနိုင်သော ဂရေ့စီ လမျက်နှာပြင်လေ့လာရေးစက်ရုပ်ယာဉ်ငယ်တစ်ခုကိုပါ သယ်ယူသွားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machine ကုမ္ပဏီက လွှတ်တင်မည့် အေသီနာလဆင်းယာဉ်သည် ဂရေ့စီအမည်ရှိ ခုန်ပျံသွားလာနိုင်သော လမျက်နှာပြင်လေ့လာရေး စက်ရုပ်ယာဉ်ငယ်တစ်ခုကိုပါ သယ်ယူသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်သတင်းများအရ သိရသည်။

ဂရေ့စီ စက်ရုပ်ယာဉ်ငယ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Intuitive Machine ကုမ္ပဏီတို့ပူးပေါင်းတည်ဆောက်ထားခြင်းဖြစ်သည်။

လမျက်နှာပြင်ပေါ်သို့ အေသီနာလဆင်းယာဉ် ဆင်းသက်ပြီးချိန်တွင် ဂရေ့စီစက်ရုပ်ယာဉ်သည် ဒုံးကန်အားစနစ်များ အသုံးပြု၍ ခုန်ပျံကျော်လွှားမှုပေါင်း ငါးကြိမ်ထိ ပြုလုပ်မည်ဖြစ်ကြောင်း



သိရသည်။

ဂရေ့စီ စက်ရုပ်ယာဉ်သည် ထိုသို့ခုန်ပျံကျော်လွှား၍အေသီနာ လဆင်းယာဉ် ဆင်းသက်မည့် နေရာနှင့် ပေ ၁၆၀၀ ကျော်အကွာတွင်ရှိသော Crater H အမည်ရှိ ဥက္ကာချိုင့်ဝှမ်းထဲသို့ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Intuitive Machine ကုမ္ပဏီသည် အေသီနာလဆင်းယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လာမည့်ဖေဖော်ဝါရီ ၂၆ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

အေသီနာ လဆင်းယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းနှင့် မိုင် ၁၀၀ ခန့် အကွာတွင်ရှိသော လွင်ပြင်ဒေသ တစ်ခုပေါ်တွင် ဆင်းသက်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က 2024 YR4 ဂြိုဟ်သိမ်၏ အရွယ်အစားအမှန်ကို လေ့လာဖော်ထုတ်ပေးမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် 2024 YR4 အမည်ရှိ ဂြိုဟ်သိမ်၏အရွယ်အစားအမှန်ကို လေ့လာဖော်ထုတ်ပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်သတင်းများအရ သိရသည်။

2024 YR4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ ၂ ဒသမ ၃ ရာခိုင်နှုန်းထိရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

2024 YR4 ဂြိုဟ်သိမ်၏အရွယ်အစားမှာ အချင်းပေ ၁၈၀ ထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များကခန့်မှန်းထားကြရာ ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်ခဲ့ပါက ကျရောက်ရာဒေသအလိုက် အပျက်အစီးကြီးနိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ 2024 YR4 ဂြိုဟ်သိမ်၏ အရွယ်အစားအမှန်ကို ဖော်ထုတ်ရေးအတွက် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က နောင်လာမည့် နှစ်လအတွင်း ၎င်းဂြိုဟ်သိမ်ကို စူးစမ်းလေ့လာမည်ဖြစ်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

2024 YR4 ဂြိုဟ်သိမ်၏ အရွယ်အစားမှာ လက်ရှိခန့်မှန်းထားသည်ထက် ပို၍ကြီးမားနိုင်သည်ဟု ဥရောပအာကာသအေဂျင်စီမှ သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

၎င်းဂြိုဟ်သိမ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက နာဆာဂြိုဟ်သိမ်စောင့်ကြည့်ရေးစနစ် တစ်ခုက ပထမဆုံးအကြိမ် ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ကျန်းမာရေးပြဿနာသုံးမျိုးအခံရှိသူများ အရက်အသောက်များပါက အသည်းကင်ဆာဖြစ်နိုင်ခြေမြင့်မားနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၁၁**

ကျန်းမာရေးပြဿနာ သုံးခု အခံရှိထားသူများအနေဖြင့် အရက်သေစာ အသောက်များပါက အသည်းကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဖေဖော်ဝါရီ ၁၀ ရက်သတင်းများအရ သိရသည်။

ဆီးချိုရောဂါရှိသူ သို့မဟုတ် ဝမ်းဗိုက်ပိုင်းအဆီစုစည်းမှု လွန်ကဲသူများ အရက်သေစာ အသောက်များပါက အသည်းကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ၂ ဒသမ ၄ ဆ မြင့်တက်လာနိုင်ပြီး သွေးတိုးရောဂါရှိသူများသည်လည်း အရက်သေစာ အသောက်များပါက အသည်းကင်ဆာ ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၁ ဒသမ ၈ ဆ ပို၍မြင့်မားလာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အရက်သေစာ သောက်သုံးမှုသည် ဗြိတိန်နိုင်ငံသားများ အသည်းကင်ဆာဖြစ်ပွားရခြင်း၏ အဓိကအကျဆုံးအကြောင်းတရားတစ်ရပ်ဖြစ်ပြီး အသည်းကင်ဆာဖြစ်ပွားမှု ၁၀ ခုလျှင် ခြောက်ခုမှာ အရက်သေစာ သောက်သုံးမှုနှင့် ဆက်စပ်နေကြောင်း၊ ဗြိတိန်သုတေသန ပညာရှင်များသည် အရက်သေစာ အသောက်များသူ ၄၀၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အရက်သေစာအသောက်များမှုသည် လေဖြတ်နိုင်ခြေ၊ နှလုံးရောဂါများနှင့် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေတို့ မြင့်တက်လာမှုနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ခေါင်းကိုက်ရောဂါလူနာများက ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်နိုင်ခြေ ပို၍မြင့်မားနိုင်ဖွယ်ရှိ

**ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၁၁**

ခေါင်းကိုက်ရောဂါ ခံစားနေရသူများသည် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်နိုင်ခြေ သာမန်လူများထက် ပို၍မြင့်မားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၁၀ ရက်သတင်းများအရ သိရသည်။

ခေါင်းကိုက်ရောဂါကြောင့် အဆက်မပြတ် နာကျင်ကိုက်ခဲနေရသူများသည် ပုံမှန်လူများနှင့် နှိုင်းယှဉ်ပါက ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ကြိုးပမ်းလာနိုင်ခြေ နှစ်ဆပိုမြင့်မားကြောင်း အမေရိကန်နှင့် ဒိန်းမတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန်နှင့် ဒိန်းမတ် သုတေသန ပညာရှင်များသည် ခေါင်းကိုက်ရောဂါရှိသူ အသက် ၁၅ နှစ်နှင့်အထက် လူပေါင်း ၁၂၀၀၀၀ တို့ကို ခေါင်းကိုက်ရောဂါ မရှိသူများနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း၊ လေ့လာချက်မှ ပေါ်ထွက်လာ သည့်ရလဒ်များအရ ခေါင်းကိုက်ရောဂါဝေဒနာရှင်များ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ကြိုးပမ်းလာနိုင်သည့် အလားအလာမှာ သာမန်လူများထက် ပိုမြင့်မားနေသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ခေါင်းကိုက်ရောဂါကိုထိရောက်စွာ ကုသပေးခြင်းဖြင့် လူနာများ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ကြိုးပမ်းလာနိုင်ခြေကို လျှော့ချပေးနိုင်မည်ဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အက်ဖ်အေဖလားပဉ္စမအဆင့်တွင် မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့တွေ့ဆုံ



**လန်ဒန် ဖေဖော်ဝါရီ ၁၁**

အက်ဖ်အေဖလား ပဉ္စမအဆင့် မဲခွဲမှုအပြီးတွင် လက်ရှိချန်ပီယံမန်ယူ အသင်းကအိမ်ကွင်းတွင် ပရီးမီးယား လိဂ်ပြိုင်ဘက် ဖူလ်ဟမ်အသင်း နှင့် ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် အက်ဖ်အေဖလား စတုတ္ထအဆင့်တွင် ပရီးမီး ယားလိဂ်အသင်းကြီး အာဆင်နယ် အသင်းကို ပင်နယ်တီအဆုံးအဖြတ် ဖြင့် အနိုင်ရခဲ့ပြီးနောက် ပဉ္စမ အဆင့်မဲခွဲမှုတွင်လည်း ပရီးမီးယား လိဂ်ပြိုင်ဘက်ဖူလ်ဟမ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည်။

အဆိုပါပြိုင်ပွဲ ပဉ္စမအဆင့်တွင် မန်ယူအသင်းက ဖူလ်ဟမ်အသင်း ကို အိမ်ကွင်းတွင် လည်းကောင်း၊ အေဗီလာအသင်းက ကာဒစ်အသင်း ကို အိမ်ကွင်းတွင်လည်းကောင်း၊ ပဲလေ့စ်အသင်းက မီဝေါအသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊နယူး ကာဆယ်အသင်းက ဘရိုက်တန် အသင်းနှင့်လည်းကောင်း၊ ဘုန်း မောက်အသင်းက ဝုဗ်အသင်းနှင့် လည်းကောင်း၊ မန်စီးတီးအသင်း က ပလိုင်းမောက်အသင်းနှင့်လည်း ကောင်း၊ နော်တင်ဟမ်အသင်း သို့မဟုတ် အိတ်စတာအသင်းက အစ်ဝှစ်အသင်းနှင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပဉ္စမအဆင့်ပွဲစဉ်များကို လာမည့် မတ် ၁ရက်တွင် စတင်ကျင်းပမည် ဖြစ်ပြီး အနိုင်အရှုံးရလဒ်ထွက်ပေါ် ခြင်းမရှိပါက ပင်နယ်တီအဆုံး အဖြတ် ခံယူသွားမည်ဖြစ်သကဲ့သို့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို မတ်လ နောက်ဆုံးအပတ်တွင် ကျင်းပမည်ဖြစ်ကာ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်များကို ဧပြီလမကုန်မီ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဗိုလ်လု ပွဲစဉ်ကို ပရီးမီးယားလိဂ်ဘောလုံး ရာသီမကုန်ဆုံးမီ မေ ၁၇ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : 90 min**

**Trs : ML**

# ဖီယင်နုအသင်းက နည်းပြ ပရစ်ကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**အမ်စတာဒမ် ဖေဖော်ဝါရီ ၁၁**

ဖီယင်နုအသင်းသည် နည်းပြ အာနီစလော့နေရာတွင် အစားထိုး ခဲ့သည့် နည်းပြ ပရစ်ကို ရလဒ် ပိုင်းဆိုးရွားလာမှုကြောင့် အေဇီမီ လန်အသင်းနှင့် ချန်ပီယံလိဂ် play-off ပွဲစဉ်မတိုင်မီ ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

နည်းပြပရစ်သည် ဖီယင်နု အသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆို ထားသော်လည်း အမှတ်ပေးပြိုင်ပွဲ တွင်နောက်ဆုံးကစားခဲ့သည့် ငါးပွဲ ဆက်တွင် တစ်ပွဲသာ အနိုင်ရခဲ့ သောကြောင့် အမှတ်ပေးဇယား ထိပ်ကို ဦးဆောင်နေသည့် အေဂျက် အသင်းနှင့် ရမှတ် ၁၂ ထိ ကွာဟ လာသဖြင့် ချန်ပီယံဆုကိုကာကွယ် နိုင်ရန် အခွင့်အရေးနည်းပါးလာခဲ့ ပြီး KNVB ဖလားပြိုင်ပွဲတွင်လည်း ပီအက်စ်ဗွီအသင်းကို ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသောကြောင့် ရလဒ်ဆိုးရွားနေသည့် ၎င်းကို အသင်းတာဝန်ရှိသူများက ရာထူးမှ ထုတ်ပယ်ခဲ့သည်။

ဖီယင်နုအသင်း တာဝန်ရှိသူ များက "အသင်းအနေနဲ့ နည်းပြ ပရစ်လက်ထက်မှာ အောင်မြင်မှု အချို့ရခဲ့ပါတယ်။ အထူးသဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရလဒ်ပိုင်း ကောင်းတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ ကျန်တဲ့ ပြည်တွင်းပြိုင်ပွဲတွေမှာ တော့ရလဒ်ဆိုးရွားနေတာကြောင့် ရာထူးက ထုတ်ပယ်လိုက်ရတာပါ" ဟု ထုတ်ပြန်ခဲ့သည်။

ဖီယင်နုအသင်းသည် ချန်ပီယံ လိဂ်ပြိုင်ပွဲ ရှစ်ပွဲကစားခဲ့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး ပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ၁၆ သင်း ရှုံးထွက်အဆင့်တက်ရောက်နိုင်ရန် အခွင့်အရေးနည်းပါးခဲ့သော်လည်း နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်တွင် လိုင်လီအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယား အဆင့်(၁၉) နေရာတွင် ရောက်ရှိခဲ့ပြီး play-off ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**



# ၂၀၂၅ နွေရာသီတွင် ဆဲလ်တစ်အသင်းသို့ တီယာနေး ရောက်ရှိမည်ဖြစ်ကြောင်း နည်းပြရော်ဂျာပြောကြား

**အီဒင်ဘာ့ဂ် ဖေဖော်ဝါရီ ၁၁**

ဆဲလ်တစ်အသင်း အနေဖြင့် ၂၀၂၅ နွေရာသီအပြောင်းအရွှေ့ ကာလတွင် အာဆင်နယ်အသင်း ခံစစ်ကစားသမား တီယာနေး အသင်းသို့ရောက်ရှိမည်ဖြစ်ကြောင်း နည်းပြရော်ဂျာက တရားဝင်ထုတ် ဖော်ပြောကြားခဲ့သည်။

နည်းပြရော်ဂျာသည် ခံစစ် ကစားသမားတီယာနေးကိုဇန်နဝါရီ အပြောင်းအရွှေ့ကာလက ခေါ်ယူ ရန် သဘောတူညီမှု ရရှိခဲ့သော် လည်းအသင်းအနေဖြင့် ဘဏ္ဍာရေး အခက်အခဲရှိနေသောကြောင့်ခေါ်ယူ နိုင်ခြင်းမရှိဘဲ လာမည့် နွေရာသီ အပြောင်းအရွှေ့မှသာ အပြီးသတ် ခေါ်ယူနိုင်တော့မည်ဖြစ်သည်။

ခံစစ်ကစားသမား တီယာနေး ကို အာဆင်နယ်အသင်းက ပြီးခဲ့ သည့် နွေရာသီအပြောင်းအရွှေ့ ကာလကတည်းက အရောင်း စာရင်းတင်သွင်းခဲ့ရာ ကမ်းလှမ်း လာမည့် အသင်းမရှိသောကြောင့် အသင်းတွင်ဆက်လက်ထားရှိခဲ့ပြီး ပြိုင်ပွဲစုံတွင် လူစားဝင်ကစား သမားအဖြစ်သာ အသုံးပြုခဲ့ကာ ငါးပွဲသာ ပါဝင်ကစားခဲ့ရသဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလ တွင် ဆဲလ်တစ်အသင်း၏ ကမ်း လှမ်းမှုကိုလက်ခံ၍ အသင်းဟောင်း သို့ ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

သို့သော် ဆဲလ်တစ်အသင်းက ဘဏ္ဍာရေးအခက်အခဲ ဖြစ်ပေါ် နေသဖြင့် တီယာနေးကိုခေါ်ယူရန် အကြိုသဘောတူညီမှုသာ ရယူ ခဲ့ပြီး နွေရာသီအပြောင်းအရွှေ့ ကာလမှသာ အပြီးသတ်ခေါ်ယူ မည်ဟု တရားဝင်ပြောကြားခဲ့ခြင်း ဖြစ်သည်။

အသက် ၂၇ နှစ်ရှိ ခံစစ်ကစား သမားသည် ၂၀၁၄ ခုနှစ်က ဆဲလ်တစ်အသင်းနှင့် ပရော်ဖက် ရှင်နယ်ကစားသမားဘဝကို စတင် ခဲ့ပြီးနောက် အသင်းတွင် ပြိုင်ပွဲစုံ ၁၇၀ ကစားခဲ့ရာ သွင်းဂိုး ရှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြသ နိုင်ခဲ့သောကြောင့် ၂၀၁၉ ခုနှစ်တွင် အာဆင်နယ်အသင်းသို့ ရောက်ရှိ ခဲ့ကာ အသင်းတွင်အဓိက ကစား သမားအဖြစ် ပါဝင်ခဲ့သော်လည်း ဒဏ်ရာမကြာခဏရရှိနေမှုကြောင့် နောက်ပိုင်းတွင် ပွဲကစားခွင့် ပျောက်ဆုံးခဲ့ပြီး အသင်းတာဝန် ရှိသူများက ရောင်းချရန်ဆုံးဖြတ် ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းပြောင်းရွှေ့ရန် စီစဉ်နေသည့် ကွင်းလယ်ကစားသမားအဆန်စီယိုကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ပေါ်တိုအသင်းနှင့်ကစားမည့် ယူရိုပါလိဂ် play-off ပွဲစဉ်တွင် ရိုးမားအသင်းမှ ကွင်းလယ်ကစားသမားပယ်လီဂရီနီ ပွဲထွက် ကစားသမားအဖြစ် ပါဝင်မည်မဟုတ်ဘဲ အရန်ခုံတွင်ရှိနေမည် ဖြစ်ကြောင်း နည်းပြရာနီရေရီက အတည်ပြုပြောကြားခဲ့သည်။
- လာမည့်တနင်္ဂနွေနေ့တွင် ကစားရမည့် စပါးအသင်းနှင့်မန်ယူ အသင်းတို့ပွဲစဉ်တွင် စပါးအသင်းမှ ဒဏ်ရာရရှိနေသည့် ကွင်းလယ်ကစားသမား မက်ဆီဒင်၊ ခံစစ်ကစားသမားအူဒိုဂျီ နှင့် ဂိုးသမား ဗီကာရီအိုတို့ပြန်လည်ပါဝင်နိုင်မည်ဟု နည်းပြ ပိုစတီကိုဂလူက ပြောကြားခဲ့ကြောင်း သိရသည်။
- တူကီယဲကလပ် ဂါလာတာစာရေးနှင့် ဒီမီစပေါ်အသင်းတို့ပွဲစဉ် တွင် ပင်နယ်တီပေးခဲ့သည့် ကွင်းလယ်ဒိုင်ဆုံးဖြတ်ချက်ကို မကျေနပ်သည့် ဒီမီစပေါ်အသင်းက ကွင်းအတွင်းမှထွက်ခွာခဲ့ သည့်အတွက် ပြိုင်ပွဲကိုရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။ **ML**

# AFC/MFF Goalkeeping "C" Certificate Coaching Course သင်တန်းကို မတ် ၁၈ ရက်မှ ၂၃ ရက်ထိ ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာ့ ဘောလုံးအားကစား တိုးတက် မြင့်မားလာစေရန်နှင့် အရည်အသွေးပြည့်ဝသည့် နိုင်ငံ တကာအသိအမှတ်ပြု လိုင်စင်ရ ဂိုးနည်းပြဆရာများ ပေါ်ထွက်လာ စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ AFC/MFF Goalkeeping "C" Certificate Coaching Course (ဘောလုံးဂိုး နည်းပြသင်တန်း)ကို မတ် ၁၈ ရက် မှ ၂၃ရက်ထိ ဖွင့်လှစ်သင်ကြား သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတက်ရောက် လိုသူများအနေဖြင့် အနည်းဆုံး MFF "D" Certificate အောင် လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်ဖြစ် ကြောင်း၊ ဝန်ထမ်းဖြစ်ပါက သက် ဆိုင်ရာကလပ်၊ အသင်း၊ ဝန်ကြီး ဌာန၊ အဖွဲ့အစည်း၏ ထောက်ခံစာ ပါရမည်ဖြစ်ကြောင်း၊ကျန်းမာရေး ကောင်းမွန်ပြီး စာတွေ့၊ လက်တွေ့ လေ့ကျင့်မှုများ လုပ်ဆောင်နိုင်သူ ဖြစ်ရမည်ဖြစ်ကြောင်း စသည့် သတ်မှတ် အရည်အချင်းများ နှင့်ကိုက်ညီသူများ ဖြစ်ရမည် ဖြစ်သည်။

ထို့ပြင် လက်ရှိနည်းပြတာဝန် ထမ်းဆောင်နေသူများကို ဦးစား ပေး ရွေးချယ်မည်ဖြစ်ကြောင်း၊ သင်တန်းကာလ ပြီးဆုံးသည်ထိ တက်ရောက်နိုင်သူ ဖြစ်ရမည် ဖြစ်သည့်အပြင် အင်္ဂလိပ်ဘာသာ ကို အတော်အသင့်နားလည်သူ ဖြစ်ရမည်ဖြစ်ကြောင်း၊ကွန်ပျူတာ ဗဟုသုတရှိရမည်ဖြစ်ပြီး Power-point ဖြင့် တင်ပြဆွေးနွေးနိုင် ရမည် စသည့်သတ်မှတ်ချက် များနှင့်လည်း ကိုက်ညီရမည် ဖြစ်သည်။

အဆိုပါသင်တန်း တက်ရောက် ရန် ရွေးချယ်ခြင်းခံရသူများသည် သင်တန်းဝင်ကြေးအဖြစ် နိုင်ငံသား တစ်ဦးလျှင် မြန်မာငွေကျပ် သုံးသိန်း၊ နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာနှစ်ထောင်ပေး သွင်းရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ISPE အသင်းကိုအနိုင်ရရှိပြီး ရှမ်းယူနိုက်တက်အသင်း ရာသီမကုန်ဆုံးမီ ချန်ပီယံဆုဆွတ်ခူး



**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၉)တွင် ရှမ်းယူနိုက်တက်အသင်းက ISPE အသင်းကို အနိုင်ရရှိခဲ့ပြီး ရာသီမကုန်ဆုံးမီ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းကအနိုင်ရရှိလျှင် ရာသီမကုန်ဆုံးမီ ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဖြစ်သည့်အတွက် ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ကိုးမိနစ်၊ ၄၃ မိနစ်နှင့် ၅၅ မိနစ်တို့တွင် ဘာကာယိုကိုက လည်းကောင်း၊ ပွဲချိန် ၁၇မိနစ်တွင် ရဲရင့်အောင်က လည်းကောင်း၊ ပွဲချိန် ၂၅ မိနစ်တွင် ဟိန်းဖြိုးဝင်းက လည်းကောင်း အသီးသီးသွင်းယူနိုင်ခဲ့ပြီးနောက် ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

ယခုနှစ်ဘောလုံးရာသီတွင် ရှမ်းယူနိုက်တက်အသင်းသည် ပွဲစဉ် (၁၉)ပွဲကစားပြီးချိန်တွင် ၁၇ ပွဲထိ အနိုင်ရရှိခဲ့ကာ နှစ်ပွဲသရေရလဒ်ဖြင့် ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ၅၃ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီးနောက် ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင်ပင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် နောက်ပိုင်း ဘောလုံးရာသီများတွင် အောင်မြင်မှုများ ဆက်တိုက်ရယူနိုင်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၇ခုနှစ်၊ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်နှင့် ယခုနှစ် ဘောလုံးရာသီတို့တွင် ချန်ပီယံဆုများအသီးသီး ဆွတ်ခူးနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ပွဲစဉ် ၂၂ပွဲထိ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ရွှေဖလားကိုဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ၁၉ ပွဲပြီးဆုံး ချိန်တွင် ရှုံးပွဲမရှိသေးဘဲ လက်ကျန်ပွဲစဉ်သုံးပွဲတွင် ရှုံးပွဲမရှိခဲ့ပါက ချန်ပီယံ ရွှေဖလားကို ဒုတိယအကြိမ်ဆွတ်ခူး နိုင်မည်ဖြစ်သည်။

ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ခြောက်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အအောင်မြင်ဆုံး အသင်းအဖြစ်ပါ မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

STA

# ကာတာအိုးပင်းပြိုင်ပွဲ တတိယအဆင့်သို့ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ် တက်ရောက်

**ဒိုဟာ ဖေဖော်ဝါရီ ၁၁**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် ကာတာအိုးပင်း တင်းနစ်ပြိုင်ပွဲဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၂) တင်းနစ်မယ်ဖြစ်သူ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဂရိအဆင့် (၁) တင်းနစ်မယ် ဆက်ကာရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ပြိုင်ပွဲအား ဒုတိယအဆင့်မှစတင်၍ ယှဉ်ပြိုင်ကစားခဲ့ရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ဆက်ကာရီက ပထမအဆင့်မှစတင်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။

ပြိုင်ပွဲ၏စည်းမျဉ်းအရ ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကမ္ဘာ့အဆင့်(၂) တင်းနစ်မယ် စဝီယာတက်ခ်တို့ကပြိုင်ပွဲ၏ ဒုတိယအဆင့်မှစတင်၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

စဝီယာတက်ခ်အနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရရှိရေးအတွက် အောင်မြင်မှုများ ဆွတ်ခူးနိုင်ရန် လိုအပ်နေသောကြောင့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလာခြင်းလည်း ဖြစ်သည်။

စဝီယာတက်ခ်သည် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သောသက်တမ်းတစ်လျှောက် ပွဲစဉ်ပေါင်း ၁၄ ပွဲ ယှဉ်ပြိုင်ကစားထားပြီး ရှုံးပွဲတစ်ပွဲသာရှိသေးသည်ထိ မှတ်တမ်းကောင်းကို ပိုင်ဆိုင်ထားသည်။

စဝီယာတက်ခ်က "မှတ်တမ်းတွေအရ ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပြီးပြည့်စုံတဲ့မှတ်တမ်းကောင်းတွေရရှိထားတယ်လို့တော့ မဆိုလိုပါဘူး။ ဒါပေမဲ့လဲရရှိထားတဲ့မှတ်တမ်းတွေကကျေနပ်အားရစရာကောင်းပါတယ်။ ရရှိထားတဲ့ မှတ်တမ်းတွေနဲ့ ဒုတိယအဆင့်မှာ ကစားနိုင်တဲ့ စွမ်းဆောင်ရည်တွေကပြိုင်ပွဲမှာပိုပြီးတော့ အာရုံစိုက်နိုင်တဲ့ အနေအထားမျိုးဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အယ်နာဆာအသင်းက စီရော်နယ်ဒိုကို တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန်သဘောတူညီမှုရရှိ

**ရီယာဒ် ဖေဖော်ဝါရီ ၁၁**

ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအသင်းက အသင်းမှ ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုကို နောက်ထပ် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အသက် ၄၀ နှစ်ရှိ စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် မန်ယူအသင်းနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် အယ်နာဆာအသင်းသို့ မြင့်မားသည့်လုပ်ခလစာဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းပုံရိပ်ကို မြှင့်တင်ပေးနိုင်ခဲ့သည့်အပြင် ဆော်ဒီပရိုလိဂ် ပြိုင်ပွဲကိုလည်း ပရိသတ်အများအပြားစိတ်ဝင်စားစေရန်အတွက် လုပ်ဆောင်နိုင်ခဲ့သူဖြစ်သည်။

စီရော်နယ်ဒိုသည် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ ပထမဆုံးပြောင်းရွှေ့ကစားခဲ့သည့် ဥရောပထိပ်တန်းကစားသမား ဖြစ်လာခဲ့ပြီးနောက်ပိုင်းတွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ ဥရောပထိပ်တန်း ကစားသမားအများစု ပြောင်းရွှေ့ကစားခဲ့ပြီး ဆော်ဒီပရိုလိဂ် ပြိုင်ပွဲအနေဖြင့် ပရိသတ်အများစု၏ စိတ်ဝင်စားမှုကို ရရှိလာခဲ့ခြင်းဖြစ်သည်။



လက်ရှိ စီရော်နယ်ဒိုနှင့် အယ်နာဆာအသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အယ်နာဆာအသင်းကလည်း ထိပ်တန်းကစားသမားတစ်ဦးကိုလက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုနေသကဲ့သို့ စီရော်နယ်ဒို ကိုယ်တိုင်ကလည်း ကစားသမားဘဝမကုန်ဆုံးမီ အယ်နာဆာအသင်းတွင် ဆက်လက်ကစားလိုနေသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အယ်နာဆာအသင်းက စီရော်နယ်ဒိုနှင့် နောက်ထပ် တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် လာမည့်ရက်ပိုင်းအတွင်း အပြီးသတ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : One Football

Trs : STA

# Founders Cup ပြိုင်ပွဲ ချန်ပီယံဆု အမေရိကန်ဂေါက်သီးရိုက်မယ် ယီလီမီ ဆွတ်ခူး

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၁၁**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပခဲ့သည့် Founders Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်မယ် ယီလီမီက နာမည်ကျော်ဂေါက်သီးရိုက်မယ်များအားကျော်ဖြတ်ကာ ချန်ပီယံဆုအားဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်အရွယ် ယီလီမီသည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၀ ချက် လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ်ဟောင်းဖြစ်သူ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်မယ် မီဂန်ခန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

လက်ရှိကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော်ဒါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ T7 နေရာ၌ သာရပ်တည်နိုင်ခဲ့သည်။

ယီလီမီအတွက် ပရော်ဖက်ရှင်နယ်လောကတွင် ပထမဆုံးသော ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကမ္ဘာ့အကောင်းဆုံး ဂေါက်သီးရိုက်မယ်များကို ကျော်ဖြတ်ကာ ထင်မှတ်မထားသည့် အောင်မြင်မှုအားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



# BBBofC Celtic စူပါဖယ်သာဝိတ်တန်းစိန်ခေါ်ပွဲစဉ်တွင် ဦးခေါင်းဒဏ်ရာရရှိခဲ့သည့် ဂျွန်ကိုနေး သေဆုံး

**ဘဲလ်ဖတ် ဖေဖော်ဝါရီ ၁၁**

BBBofC Celtic စူပါဖယ်သာဝိတ်တန်းစိန်ခေါ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမားဂျွန်ကိုနေးနှင့် တစ်နိုင်ငံတည်းသား လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့်ဟောင်းဝယ်လ်တို့ ဖေဖော်ဝါရီ ၂ ရက်တွင် မြောက်အိုင်ယာလန်နိုင်ငံ ဘဲလ်ဖတ်မြို့၌ ထိုးသတ်ခဲ့ရာ ဟောင်းဝယ်လ်က အလဲထိုးရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

ကိုးချီမြောက်တွင် အလဲထိုးရလဒ်ဖြင့်ရှုံးနိမ့်ခဲ့သည့် ဂျွန်ကိုနေးသည် ဦးခေါင်းဒဏ်ရာရရှိခဲ့ပြီးနောက် ပွဲပြီးပြီးချင်းဆေးရုံသို့ အရေးပေါ်ပို့ဆောင်ကာဆေးကုသမှုခံယူခဲ့ရသည်။

ရရှိခဲ့သော ဦးခေါင်းဒဏ်ရာအားအသေးစိတ်စစ်ဆေးကြည့်ရာ ဦးနှောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဆေးကုသမှုခံယူခဲ့ပြီး ရက်သတ္တပတ်မြောက်အကြာ ဖေဖော်ဝါရီ ၁၀ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း ဂျွန်ကိုနေး၏ Promotion ကုမ္ပဏီဖြစ်သည့် MHD Promotions အတည်ပြုခဲ့သည်။

ဂျွန်ကိုနေး သေဆုံးမှုနှင့်ပတ်သက်ပြီး MHD Promotions မှ ပြောရေးဆိုခွင့်ရှိသူမက်ဒန်လော့ပ်က အတတ်နိုင်ဆုံး ဆေးကုသမှုပြုလုပ်ပေးခဲ့သော်လည်း ဦးနှောက်ဒဏ်ရာမှာ ပြင်းထန်လွန်းသည့်အတွက်ကြောင့် ဂျွန်ကိုနေးအား ကယ်တင်နိုင်ခဲ့ခြင်း မရှိခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။

Ref : Xinhua

Trs : AZL

**၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဆောင်းပါး**

# ပြည်ထောင်စုတိုင်းရင်းသားများညီညွတ်စွမ်းအား ပြည့်ခွန်အား

**အာကာမောင်မောင်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုနိုင်ငံအဖြစ် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုးနှင့် မျိုးနွယ်စုပေါင်း ၁၀၀ ကျော်တို့သည် အေးအတူပူအမျှ နေထိုင်လျက်ရှိကြသည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအပေါ် မတရားကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး သိမ်းပိုက်ခဲ့သည့်အတွက် မြန်မာတစ်နိုင်ငံလုံး ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ် နေခဲ့ရသည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် ၎င်းတို့ အုပ်ချုပ်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း မြန်မာတိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် လုပ်ဆောင်ခဲ့သည်။

အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်သည့်လုပ်ရပ်ကြောင့် နှစ်ပေါင်းများစွာ အေးအတူပူအမျှရှိခဲ့ကြသည့် မြန်မာတိုင်းရင်းသားအပေါင်းသည် တစိမ်းပြင်ပြင်ဖြစ်ခဲ့ရသည်။ အင်္ဂလိပ်နယ်ချဲ့တို့ သွေးခွဲအုပ်ချုပ်ရခြင်းအကြောင်း ရှာဖွေကြည့်သည့်အခါ မြန်မာတိုင်းရင်းသားတို့သည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှ တတိယစစ်ပွဲဖြစ်ခဲ့သည်ထိ သူ့ကျွန်မခံ ဇာတိမာန်စိတ်ဓာတ်ဖြင့် နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ နယ်ချဲ့တို့ကို တော်လှန်တိုက်ခိုက်ရာတွင် တိုင်းရင်းသားခေါင်းဆောင်များသည် မိမိတို့ဒေသတွင် ရရာလက်နက်စွဲကိုင်တိုက်ခိုက်ခဲ့ကြသည်။

ထို့ကြောင့် နယ်ချဲ့တို့က ရန်ငြိုးထားကာ မြန်မာတို့ကို သွေးခွဲအုပ်ချုပ်သည့်စနစ် ကျင့်သုံးခြင်းဖြစ်သည်။ မြန်မာတို့တွင် ခေတ်မီလက်နက်စွမ်းအားနှင့် နည်းပညာနိမ့်ပါးမှုကြောင့်သာ တိုက်ပွဲများမအောင်မြင်ခဲ့သော်လည်း မြန်မာတို့၏ ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များက ပျောက်ကွယ်သွားခြင်းမရှိပေ။

ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး၏ရင်ထဲတွင် အမြဲရှိနေရမည့်စိတ်ဓာတ်ဖြစ်သည်။ နိုင်ငံတကာမှရရှိသည့် သင်ခန်းစာများနှင့် မြန်မာနိုင်ငံ၏ ပကတိအရှိတရားများအရ ပြည်ထောင်စုစိတ်ဓာတ်သည် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးဖြစ်လာသည်ကို ပိုမိုသိမြင် လာရသည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ"ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာလက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ပင်ဖြစ်သည်။ တိုင်းရင်းသားအားလုံးမှာ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်သည်ဟုခံယူသည့်စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်သည်ဟု ခံယူသည့်စိတ်ဓာတ်၊ တစ်ဦးမှာအရေးကြုံလျှင် တစ်ဦးက မပစ်ပယ်ဘဲ တစ်လုံးတစ်စည်းတည်းပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုသည့်စိတ်ဓာတ်၊ အရေးကြီးလျှင်သွေးစည်းမည်ဟုခံယူထားသည့်စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိသည်ဟုခံယူသည့်စိတ်ဓာတ်တို့ကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုထားခြင်း"ဟု ၇၅ နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားမိန့်ခွန်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။

အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး အချင်းချင်း အပြန်အလှန်ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးတည်ဆောက်မည်ဟူသော ခိုင်မာသောသန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ ပြည်ထောင်စုစနစ်တည်ဆောက်ထားသည့်နိုင်ငံအတွက် ပြည်ထောင်စုစိတ်ဓာတ်သည် အလွန်ပင်အရေးကြီးလှသည်။ ထို့အတူ နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေရေးမှာလည်း အရေးကြီးလှသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည် မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့် လူမျိုးကိုထိပါက မချိအောင်နာသည့်

**❖အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး အချင်းချင်းအပြန်အလှန်ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးတည်ဆောက်မည်ဟူသော ခိုင်မာသောသန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ❖**

စိတ်ပင်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်အားနည်းနေမည်ဆိုပါက တိုင်းပြည်နှင့် လူမျိုးအတွက် များစွာအန္တရာယ်ရှိနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ကိုလိုနီခေတ်တစ်လျှောက်လုံးတွင် အင်္ဂလိပ်နယ်ချဲ့တို့သည် မြန်မာတို့၏စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်တို့ လျော့နည်းကွယ်ပျောက်အောင် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားလုပ်ဆောင်ခဲ့သည်။ သွေးခွဲအုပ်ချုပ်ခြင်း၏ အဓိကသော့ချက်သည် ဤစိတ်ဓာတ်များကွယ်ပျောက်ကာ ကျွန်သက်ရှည်စေရေးပင်ဖြစ်ခဲ့သည်။ သည်ကြားထဲတွင် ယဉ်ကျေးသိမ်မွေ့၍ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံသောမြန်မာလူမျိုးတို့ကို ဘိန်းစားစေခြင်း၊ ရောင်းဝယ်စေခြင်းဖြင့် လူညွန့်တုံးအောင် လုပ်ဆောင်ခဲ့သည်။ ယနေ့အချိန်ထိဖြေရှင်း၍မဆုံးနိုင်သောကိစ္စရပ်များတွင် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများရှိနေခြင်း၊ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုများရှိနေခြင်းတို့က နယ်ချဲ့တို့၏စိတ်ဓာတ်နှင့်လုပ်ရပ်များကို ဖော်ပြနေသည့်အရာများဖြစ်သည်။

ထို့ကြောင့် ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များတွင် ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေးကို ဦးတည်ချက်တစ်ရပ်အဖြစ် ချမှတ်ထားခြင်းဖြစ်သည်။

စည်းလုံးညီညာ အောင်ကြောင်းဖြာဆိုသည့် ဆောင်ပုဒ်သည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နေထိုင်သည့် မြန်မာနိုင်ငံအတွက်ဖြစ်သည်။ စည်းလုံးညီညွတ်မှုရှိခဲ့သည့်အတွက် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးကို အတူတကွရယူနိုင်ခဲ့ကြသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မာမှုနှင့်အတူ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းမှ အစပြုကာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ သမိုင်းတွင် ထင်ရှားသည့်မှတ်တိုင်တစ်ခုဖြစ်သည်။ ပင်လုံစာချုပ်ဖြစ်ပေါ်လာပုံအကြောင်းနှင့် ပတ်သက်၍ မျိုးဆက်သစ်အဆက်ဆက်တို့ သိရှိစေချင်သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ပြန်လည်ဝင်ရောက်လာခဲ့ပြီး စက္ကူဖြူစီမံကိန်းဖြင့် အုပ်ချုပ်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဦးဆောင်ဖွဲ့စည်းခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းသည် လုံးဝလွတ်လပ်ရေးရရှိရေးအတွက် ဦးဆောင်တိုက်ပွဲဝင်လျက်ရှိသည်။ ပြည်သူများကလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် ရှိနေသည်။ နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံကို မဖြစ်မနေလွတ်လပ်ရေးပေးရတော့မည်ဖြစ်သည်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဖတပလကို ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်)အဖြစ် အမည်ပြောင်းလဲခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖဆပလ ပြည်လုံးကျွတ်ညီလာခံကို ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်ထိ ရွှေတိဂုံကုန်းတော်အလယ်ပစ္စယံတွင် ကျင်းပခဲ့သည်။ မြန်မာပြည်ဘုရင်ခံက ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းကို အမှုဆောင်ကောင်စီ(အစိုးရဝန်ကြီးအဖွဲ့) ဒုတိယသဘာပတိ၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးရာထူးဖြင့် အမျိုးသားယာယီအစိုးရကို ဦးဆောင်ဖွဲ့စည်းစေခဲ့သည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် ဗြိတိသျှလေဘာအစိုးရက မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့ လာရောက်ရန် ဖိတ်ကြားသည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် လန်ဒန်သို့ ထွက်ခွာသည်။ လန်ဒန်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့အားလုံး ဆုံကြသည်။

ဇန်နဝါရီ ၁၃ ရက်တွင်ဆွေးနွေးပွဲများစတင်သည်။ ဗြိတိသျှအစိုးရဘက်မှ နန်းရင်းဝန်မစ္စတာအက်တလီ၊ ဆာစတက်ဖို့ကရစ် စသောဝန်ကြီးများတက်ရောက်သည်။ ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော်သည်စစ်သားဖြစ်ပါသည်။ ရိုးရိုးရှင်းရှင်း ပွင့်လင်းစွာ ပြောတတ်ပါသည်။ သံတမန်သုံး သိမ်မွေ့ဝေ့လည်သောစကားကို မပြောတတ်ပါ။ မြန်မာပြည်သူတို့သည် အချုပ်အချယ်ကင်းသော လုံးဝလွတ်လပ်ရေးကို လိုလားတောင်းဆိုကြပါသည်။ မြန်မာပြည်သူတို့ဆိုရာဝယ် တိုင်းရင်းသားလူမျိုးအားလုံးကို ဆိုလိုပါသည်။ လုံးဝလွတ်လပ်ရေးကို အားလုံးအား အဆင့်အတန်းမခွဲခြားဘဲပေးမည်။ ပြင်ပပယောဂလည်းကင်းမည်ဆိုလျှင် တိုင်းရင်းသားလူမျိုးများသည် ညီညွတ်စွာရပ်တည်ကြပါလိမ့်မည်" ဟူ၍ ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်သွား၍ အက်တလီနှင့်စကားပြောစဉ် ဗိုလ်ချုပ်သည် ရှမ်းပြည်လူထု၏ကိုယ်စားလှယ်မဟုတ်ဟူ၍ စော်ဘွားအချို့က ကြေးနန်းရိုက်ခဲ့သည်။ ထိုအခါတွင် ရှမ်းပြည်မှ ဦးတင်အေး၊ ဦးဖေခင်၊ ဦးထွန်းမြင့် အစရှိသော လူငယ်များက လူထုအစည်းအဝေးကြီးခေါ်၍ ရှမ်းပြည်လူထုကိုယ်စားလှယ်ဖြစ်သည်ဟူသောဆုံးဖြတ်ချက်ကိုချမှတ်ကာ ကြေးနန်းပြန်ရိုက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အက်တလီတို့ အသေးစိတ်ကိစ္စများကို အရေးဆိုဆွေးနွေးကြပြီးလျှင် ဇန်နဝါရီလ ၂၇ ရက် တနင်္လာနေ့တွင် အဓိကအချက်အလက်တို့ပေါ်တွင် သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်မှာ ရာဇဝင်တွင်သော အောင်ဆန်း-အက်တလီ စာချုပ်ဖြစ်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေး၏ အုတ်မြစ်ဖြစ်သည်။

မြန်မာပြည်မအတွက် ကိုယ့်တပ်ကိုယ်လုံအောင် ကွပ်ကဲခြင်းကိစ္စသည် တစ်ဝက်မျှပြီးစီးခဲ့သော်လည်း တောင်တန်းဒေသများအတွက် စည်းလုံးစေရန်ကိစ္စများကျန်ရှိနေသေးသည်။ ထိုအချိန်မှာပင် မြန်မာခေါင်းဆောင်များအနေဖြင့် ဗြိတိသျှတို့၏ အတွင်းစကားကို ကြားသိခဲ့ရသည်။

ထိုအတွင်းစကားကို တစ်ဆင့်ကြားသိကြရသောအခါ ရှမ်းပြည်နယ်မှ ရှမ်းအမျိုးသားလူထုခေါင်းဆောင်များ၊ ကရင်နီ(ကယားပြည်နယ်)မှ လူထုခေါင်းဆောင်များ၊ ချင်းတောင်တန်းမှ ချင်းအမျိုးသားခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်းထံ တိတ်တဆိတ်လာရောက်ဆွေးနွေးကြသည်။ မြန်မာပြည်မနှင့်အတူပူးပေါင်း၍ လွတ်လပ်ရေးရယူရန် ဆွေးနွေးသဘောတူခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားများရှိရာဒေသများသို့ ကိုယ်တိုင်ခရီးလှည့်လည်ကာ ဟောပြောဆွေးနွေးသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အက်တလီတို့ ချုပ်ဆိုခဲ့သောစာချုပ်၊ အပိုဒ်(၈)တွင် "တောင်တန်းဒေသများက မြန်မာပြည်မနှင့်ပူးပေါင်းသည်၊ မပူးပေါင်းသည်ကို ကွဲပြားစွာသိရှိနိုင်ရန် မိမိတို့၏ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရေးအတွက် နောက်လဆန်းတွင် ကျင်းပမည်ဖြစ်သော ဝန်ကြီးများအစည်းအဝေးတွင်လည်းကောင်း၊ သို့မဟုတ် ဤကိစ္စအတွက် အထူးကျင်းပသော ကွန်ဖရင့်တွင်လည်းကောင်း နယ်ခြားဒေသရှိ လူမျိုး၏ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကိုမေးမြန်းရမည်"ဟုဖော်ပြထားသည်။ အဆိုပါဖော်ပြချက်အရ ပင်လုံညီလာခံကို ကျင်းပရန်လိုအပ်လာခြင်းဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တောင်တန်းဒေသခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် မြန်မာ့လွတ်လပ်ရေးနှင့် ပြည်ထောင်စုတည်မြဲရေးအတွက်အရေးပါသည့် ပင်လုံစာချုပ်ကို အသီးသီး လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုနေ့သည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ရသည့်နေ့ ဖြစ်လာခဲ့သည်။ ယခုအခါ ပြည်ထောင်စုနေ့အဖြစ် ဖြစ်တည်လာခဲ့သည်မှာ ၇၈ နှစ်သို့ ရောက်ရှိပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား**
- **ဒေါက်တာမောင်မောင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် မြန်မာ့နိုင်ငံရေးခရီး**
- **နတ်မောက်ဘုန်းကျော် ပင်လုံဇာတ်ကြောင်း**

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 78th Anniversary of Union Day 2025

**Esteemed ethnic national brethren of the Union,**

On this auspicious occasion of the 78th Anniversary of Union Day, which falls on 12 February 2025, I extend my heartfelt greetings and best wishes to all our national brethren who live together in unity and harmony across the Republic of the Union of Myanmar. May you all be blessed with prosperity, happiness, and physical and mental well-being.

Myanmar stood tall as a unified sovereign nation across the world throughout its history, from the Bagan era to the Konbaung era. However, due to three aggressive invasions by British colonialists, the entire country fell under colonial rule in 1885.

The people of the Union have long struggled with unity and determination to regain the independence and sovereignty they lost. Even when the British granted independence to Myanmar, they attempted to divide the country by granting independence only to the main land while leaving the mountainous areas out, implementing a divide-and-rule policy to weaken national unity. However, with the firm resolution that independence should be achieved collectively without distinction between the central region and the ethnic states, General Aung San and 23 ethnic leaders signed the historic Panglong Agreement on the morning of 12 February1947, in Panglong. As a result, Myanmar regained its independence and sovereignty on 4 January 1948. In honour of this spirit of unity, 12 February, the day the historic Panglong Agreement for the sake of regaining independence of the nation was signed, was designated as the Union Day. The Union Day celebrations have been held annually for the past 78 years.

**Esteemed ethnic national brethren of the Union,**

The unique characteristic of our nation is that more than 130 ethnic groups live together in unity throughout the entire Union. If people from different regions and ethnic backgrounds treat one another with loving-kindness, compassion, sympathetic joy, and equanimity—the four cardinal virtues—they will be able to build a peaceful and prosperous society. Similarly, if every citizen lives together in unity, based on a deep sense of patriotism—protecting and preserving their nation and ethnicity, maintaining national prestige, and safeguarding cultural and national identity—then the Union will remain strong and stable for a long time.

It is the inherent duty of all Union-born ethnic nationals to safeguard and preserve the territorial integrity of the Union, which has been inherited from ancient Myanmar kings and ancestors. This includes safeguarding the non-disintegration of the Union, non-disintegration of national solidarity, and perpetuation of sovereignty. Therefore, all Union citizens are urged to uphold the **"Union spirit, nationalistic spirit, and genuine patriotism to ensure the lasting stability and development of the Union**.

**Esteemed ethnic national brethren of the Union,**

All ethnic groups residing in Myanmar have been national brethren, living together on the same land and sharing the same fortune for countless generations. Although they may differ in birthplace, region of residence, upbringing, religion, language, literature, culture, arts, and traditions, they share the same Union blood. With this sense of unity, they have always respected and valued one another, living together in harmony with a long-standing tradition of solidarity and mutual affection.

Ethnic national people inherently possess a peaceful nature, a desire to live harmoniously, compassion for one another, and a strong willingness to support each other. They have a sincere and pure-hearted mindset. However, due to the colonial "divide-and-rule" strategy, armed conflicts have persisted among ethnic national brethren, disrupting peace and stability to this day. Over generations, peace negotiations have been conducted to address these conflicts. Efforts continue to achieve lasting and durable peace by signing the Nationwide Ceasefire Agreement (NCA) to end armed conflicts.

The State Administration Council is engaged in discussions with political parties and ethnic armed organizations to achieve internal peace and durable peace. While there may be differences in opinions among individuals when applying the multiparty democratic system, demanding one's desires through armed terror act means is an incorrect approach that will not lead to beneficial results. Therefore, misunderstandings and conflicts between our ethnic groups should only be resolved through dialogue. Consequently, we continuously open the door to peace and welcome efforts to solve political problems through political means. We also request that local ethnic people have to encourage ethnic armed groups to seek solutions to their desires through political means by engaging in detailed negotiations. Thus, I would like to urge **"ethnic people to actively work together towards achieving durable peace, emphasizing the importance of engaging in dialogue and negotiations to cease armed conflicts"**.

**Esteemed ethnic national brethren of the Union,**

A united country, a harmonious country, and a country that strives together will always be in a state of perpetual development and progress. Without unity and harmony, a country will decay and vanish like salt in water. Therefore, the development and progress of a country must be driven by the unity and harmony of its people. The fundamental and most essential requirement for a country's development is peace and stability. Only when the country forges peace and stability will the government initiate the rule of law, ensuring the safety and security of the people's lives, property, and the protection of their livelihoods, as well as the growth of the social economy.

Some foreign countries are intentionally escalating domestic conflicts in our nation to the point of regional conflicts while attempting to solve our internal issues and disputes. We must be cautious that, should the unity of our country fracture, external forces might exploit the situation to extend their influence under the guise of neocolonialism. To ensure that the Republic of the Union of Myanmar remains strong, independent, and sovereign, and to prevent it from becoming a puppet state under the control of others, it is crucial for all ethnic people of the country to unite, reject terrorism, and work towards the stability, peace, rule of law, and economic development of the nation. The government, Tatmadaw, and people must remain united in spirit and effort to ensure the nation's survival and stability. Therefore, I urge all ethnic people in the Union to work together with the government, Tatmadaw, and citizens for the peaceful stability and rule of law in our country.

**Esteemed ethnic national brethren of the Union,**

The State Administration Council will continue to work towards transferring power to a government that emerges from a free and fair multiparty democratic general election, in accordance with the five-step roadmap. A credible election and a prestigious parliament will be organized. Political parties are allowed to register in accordance with the law, and we are focused on ensuring the participation of all parties. Preparations for the election are ongoing, including the successful completion of the national population and household registration in 2024. The initial voter list has been officially published, and the accurate, verified list has been submitted to the Union Election Commission in order to continue the process of preparations for the election.

The election will apply a voting system with the use of Myanmar Electronic Voting Machine in order to prevent voting frauds and correct and accurate ballots in the election. Efforts are underway to protect the rights of all eligible voters and holding an election in a correct way.

In initiating a multiparty democratic system, in accordance with democratic culture, it is essential to address the needs and desires of individuals or groups through peaceful means, avoiding the agitation of conflicts or resorting to terror actions. In a democratic system, elections are of utmost importance, and it is necessary to cooperate in maintaining stability and peace to ensure the proper conduct of elections. Therefore, I would like to urge all of you that "efforts be made to ensure nationwide stability and peace in order to successfully hold a multiparty democratic general election."

**Esteemed ethnic national brethren of the Union,**

Between states and regions, as well as within each state and region, and between rural and urban areas, the gaps in living standards and the disparities in wealth must be reduced as much as possible. Everyone must work together for balanced and sustainable development. The State Administration Council has adopted national visions to ensure prosperity of the nation and food security. The participation of ethnic people in maintaining harmony and unity is essential to ensure peace and prosperity in the nation, as well as the ethnic leaders' perspective on national interests, which is equally important.

Efforts are underway to achieve the goals of ensuring food security through production of agriculture and livestock-based industries. Similarly, agricultural and livestock production businesses are being implemented under a cooperative system for rural development and poverty reduction. In addition to the development of rural infrastructure and the systematic growth of micro, small- and medium-sized enterprises with quality standards, vocational training courses that align with local conditions are being opened to provide opportunities for skills and employment. Depending on the region's water resources, climate, and local conditions, it is essential to discuss and coordinate which short-term and long-term businesses should be operated, and what types of job opportunities should be created for regional development cooperation.

In both states and regions, agricultural produce and consumer goods should be manufactured not only through traditional methods but also by using modern techniques and systems to innovate and enhance production. If domestic consumption is sufficient and exports are possible, the nation's economy will grow, and as a result, the socioeconomic lives of all ethnic people across the Union will improve. This will lead to the equitable development of all states and regions.

Because one can work when healthy, emphasis is being placed to ensure that healthcare services are provided equally and comprehensively, regardless of location. In this regard, human resources are crucial, and health experts, specialists, and skilled professionals are being systematically trained and turned out.

Currently, efforts are being made to nurture and develop the youth, the future power of the nation, by enhancing their talents, abilities, and potential through comprehensive education. As a result, it is essential that every citizen achieves at least a completion of KG+9 level of education and that they become individuals with full knowledge and skills.

*See Page 14*

# Chairman of SAC Prime Minister Senior General Min Aung Hlaing meets region/state chief ministers

## Persons who are displaced by terrorism provided with financial aid from natural disaster management fund


Senior General Min Aung Hlaing meets region/state chief ministers.

**Nay Pyi Taw February 11**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met region/state chief ministers who attended the opening ceremony of MSME products fair and competition at Bayintnaung Villa here this morning, and presented financial aid for the persons who left their homes due to terrorism from the natural disaster management fund.

Present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, Joint SAC Secretary General Ye Win Oo, SAC members, union ministers, senior military officers from Office of Commander-in-Chief, and officials.

**Extension of endeavours for peace and stability and trade**

In his keynote address, the Senior General said SAC has extended its duties for another six months due to the country's situation. Peace and stability must be prioritized during the six-month period, and region/state chief ministers will have to strive for peace and stability and progress of socio-economic life at the areas they are responsible for.

The government increased the monthly salaries and allowances of civil servants for their convenience. The rise of commodity prices is caused by foreign exchange and internal difficulties in relation with foreign currency and high production cost. The State earns FE from both trade and non-trade activities. During the terms of the two democracy governments, trade deficit was recorded at over Ks 24 billion, and the deficit was reduced by foreign loans, aids and non-trade. But the government in office does not receive foreign loans. Hence, it is trying to boost production. Besides, it is also earning FE from CMP businesses. Other countries are receiving FE from migrant workers. But Myanmar is not receiving as much as it should from this source. Hence, the government should make efforts to increase earnings from migrant workers and trade.

**Boost production of farming business**


A country's development is measured by GDP. Myanmar's GDP is low when compared with other ASEAN countries. There are three sectors – agricultural sector, industry sector and services sector – for GDP growth. But even in the agricultural sector, the main business of Myanmar, its production capacity is lower than others. Support for agricultural production is required for GDP growth. Further increase in agro-business will help lower commodity prices to a certain degree. All must strive for bearing fruits of prosperity, but it calls for hard work. Increase in agro-products will boost export, and the country's FE income will rise. Rice, corn and coffee production must be increased as they can thrive well in the country and have foreign demand.

Fish and livestock breeding activities should be successfully carried out by using feed based on local raw materials. Instead of exporting corn as a raw material, it should be turned into quality goods, and the byproducts should be used as animal feed. This process can be also used for gram. Byproducts of rice – broken rice and barn -- must be effectively used for breeding business. Agriculture and animal breeding have interrelations and they must be successfully carried out. A region/state-wise census on farming business must enumerated to receive the most precise basic data and figures. Farming projects must be adopted based on the said data and figures and local demand. Underground reservoirs should be built at sandy creeks to ensure adequate water supply for agriculture and this will be much beneficial for agro-business. Hence, region/state-wise underground water supply projects must be laid down. All regions and states must strive to realize the targets and enhance multiple cropping.

**Security, law enforcement and transportation safety**

In terms of security, no country in the world can achieve one hundred percent security. Crimes and security breaches occur in every country. The public security system was initiated and implemented in 2023. Every citizen has a duty to uphold Our Three Main National Causes: the non-disintegration of the Union, the non-disintegration of national solidarity, and the perpetuation of sovereignty. To fulfill these responsibilities, the People's Military Service Law is being enacted to provide military education and service for the defense of the state. Regarding security, the primary responsibility rests with the Myanmar Police Force, which is organized according to relevant regions. It is essential to have skilled and capable police officers who are trusted by the public. The Chief Ministers of the regions and states must provide the necessary support and encouragement to ensure the effective performance of their duties.

*See Page 14*


Senior General Min Aung Hlaing presents subsidies for people who were temporarily displaced due to terrorist incidents.


Senior General Min Aung Hlaing presents subsidies for people who were temporarily displaced due to terrorist incidents.


Senior General Min Aung Hlaing presents subsidies for people who were temporarily displaced due to terrorist incidents.


Senior General Min Aung Hlaing presents subsidies for people who were temporarily displaced due to terrorist incidents.

*From Page 12*

This goal is being achieved through the expansion of schools, the improvement of teachers' capabilities, and the enhancement of the school infrastructures. As more educated individuals emerge with good health, productivity levels increase, and socioeconomic life improve, reducing the disparities between states and regions.

Therefore, I would like to urge all relevant stakeholders and ethnic peoples to work together **to ensure the equitable development and progress of all states and regions, as well as to improve the health, education, and employment opportunities for ethnic people**.

**Esteemed ethnic national brethren of the Union,**

I send this message urging all ethnic groups residing across the Republic of the Union of Myanmar to embrace the concept of successfully implementing the national objectives of the 78th Anniversary of Union Day as a national duty, in order to ensure the Union's durability and development.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

*From Page 13*

Regarding transportation safety, terrorist groups are exploiting lapses in the attention of security forces to carry out acts of violence on public communication routes. Therefore, special attention must be given to regional territorial control and transportation safety. A lack of transportation security could disrupt the flow of goods, food, and negatively impact social and economic life. Therefore, special attention must be given to transportation safety.

**The development of MSME businesses**

The opening ceremony of the Union-level MSME Product Exhibition and Competition took place yesterday, with the Chief Ministers from all regions and states in attendance. The event offers a unique and invaluable opportunity to view products from each region and state in one location, providing insight into their strengths, weaknesses, and regional activities. The exhibition will foster greater cooperation among MSMEs across different regions and states, enabling one region to meet the needs of another within the production chain. It will also provide an opportunity to identify strengths and weaknesses, while facilitating connections between MSMEs and both domestic and international investors to expand their markets globally.

To provide the necessary educated human resources for MSME businesses, polytechnics, agricultural and technical schools are being established, and agricultural and technical universities will also be expanded. Compliance with the established regulations is also essential when allocating capital for MSME businesses by region and state.

**The development of education and healthcare infrastructure**

To support educational improvement initiatives, it is essential to utilize surplus funds within the specified fiscal period to align schools with their respective characteristics. Similarly, it is essential to construct the necessary buildings and fences for public hospitals. It is crucial to ensure that staff quarters are fully equipped to provide comfortable living conditions for security personnel and healthcare workers. In terms of budget allocation, priority should be given to activities that can deliver quick wins.

**Preparations for holding the Free and Fair Multi-party Democracy General Election**

Preparatory efforts are being undertaken to ensure the successful conduct of the Free and Fair Multi-party Democracy General Election. In this regard, the 2024 population and housing census was conducted to ensure the accuracy of voter lists. In the process, it was also revealed that there were individuals who had migrated for various reasons. Relevant administrative organizations need to consistently work to ensure the accuracy of records for migrated individuals. Regarding the election, it is necessary to obtain accurate population records. Region and state chief ministers, along with officials, must conduct a thorough and comprehensive study of the laws related to the election. Political parties must also make the necessary preparations in advance. Elections for Pyithu Hluttaw, Amyotha Hluttaw, and State and Regional Hluttaws must be conducted in accordance with the law.

**Assistance funds for civilians temporarily displaced due to terrorist incidents**

Under the Natural Disaster Management Law, losses suffered by civilians due to terrorist activities and armed conflicts are also classified under natural disaster definitions. Therefore, the state will provide assistance funds to civilians who have been temporarily displaced due to terrorist incidents. Each individual will receive 20,000 kyats per month from January 2025 to December 2025. These funds will be allocated to the disaster management funds of the Nay Pyi Taw Council, region governments, and state governments. Efforts must be made to ensure that all temporarily displaced persons in the relevant areas are included in the assistance program, leaving no one behind. The process must be systematic and effective. Additionally, further verification and data collection will be conducted for those not currently included in the existing lists, and their cases will be reviewed and submitted for additional support in a systematic manner.

**Utilizing the summer school Break effectively**

Regarding the summer school break, it is necessary to ensure that students make productive use of their holidays. Measures should be taken to encourage them to review and study previously learned lessons, as well as to participate in basic training courses that will benefit them, such as English and computer skills. During the school break, plans are also being made to provide refresher training for educational staff to enhance their skills. It is emphasized that the education system aims to provide schooling for every child up to KG + 9. Upon receiving these instructions, regional and state chief ministers are expected to discuss and implement them with the responsible authorities.

Following this, the chief ministers of the regions and states explained the regional needs and the current status of ongoing activities.

Subsequently, during the general discussion, the Chairman of the Industrial Development Commission, General Mya Tun Oo, presented updates on the implementation of industrial sector development initiatives. The Chairman of the Electricity and Energy Development Commission, Admiral Tin Aung San, discussed the progress in the electricity and energy sector. Union Minister for Defence General Maung Maung Aye addressed matters related to the recruitment of civilian military personnel. The Chairman of the Agriculture and Livestock Development Commission, General Nyo Saw, reported on the implementation of agricultural and livestock sector development activities. Union Minister for Planning and Finance U Win Shein elaborated on regional and state GDP growth, the disbursement of funds from the National Economic Development Fund, and the provision of assistance funds for temporarily displaced persons. Union Minister for Foreign Affairs U Than Swe discussed international relations and cooperation matters. Union Minister for Home Affairs Lt-Gen Tun Tun Naung highlighted efforts to enhance the capabilities of the Myanmar Police Force. Union Minister for Agriculture, Livestock, and Irrigation U Min Naung presented updates on the development of the agriculture and livestock sectors. Joint Secretary of the Council General Ye Win Oo discussed security, rule of law, arms and ammunition control, drug suppression, the identification of unlicensed vehicles, and environmental conservation and smoke-free initiatives.

Afterward, Vice-Senior General Soe Win emphasized the need for systematic implementation of physical, health, and disciplinary inspections related to civilian recruitment and screening. He stressed that civilian military service recruitment must strictly adhere to the law, and forced conscription must not occur. Regarding MSMEs (Micro, Small, and Medium Enterprises), he noted that solar energy systems could meet electricity needs and achieve breakeven within three years. He urged region and state chief ministers to promote the use of solar systems among MSMEs in their respective areas. He highlighted that MSMEs significantly contribute to national development, which is why the Union-level MSME Product Exhibition and Competition is being held on a grand scale with ambitious goals. He mentioned that efforts are being made to connect businesses with foreign markets through economic attachés at Myanmar embassies and to link entrepreneurs with banks to address financial needs. He also stressed the importance of timely reporting to the State Administration Council on critical issues arising in border areas.

The Chairman of the State Administration Council, the Prime Minister emphasized boosting crude oil production, identifying non-agricultural and vacant lands for solar power projects, and advancing electricity and energy sector development through solar power plant construction in these areas.

Then, the SAC Chairman provided subsidies for people who were temporarily displaced due to the terrorist incidents, which were received by the Chairman of the Nay Pyi Taw Council and the Chief Ministers of the regions and states.

Then, in his concluding remarks, the SAC Chairman said that the smoke-free policy included in the general discussions is also being implemented internationally, and that everyone needs to work together to clean up smoke and air. In addition to those arrested in the investigation of unlicensed vehicles, it is necessary to investigate and take action against the administrative and security officials involved in the case. It is also necessary to investigate and take action against unlicensed motorcycles. It is necessary to investigate and take action against the import and export of illegal goods, which can cause great harm to the country.

It is also necessary to effectively investigate and take action against online fraud and online gambling. It is necessary for the Myanmar police and security forces to obtain information and take action. Regarding drugs, there are production, transportation, storage and sale, and they are transported across cities, so they must be systematically investigated and taken action. It is also necessary to investigate and take action against those who have committed crimes and fled from foreign countries by marrying local ethnic people in border areas and obtaining the citizenship. Therefore, relevant administrative officials need to systematically identify illegal marriages between foreigners and our citizens.

The SAC Chairman emphasized the need to establish more libraries and continuously promote reading while enhancing library services.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲထုတ် Gürz 150 လေကြောင်းရန်ကာကွယ်ရေးစနစ်က ရုရှားထုတ် Pantsir-S1 ထက် စွမ်းဆောင်ရည်သာလွန်နိုင်




တူကီယဲနိုင်ငံ Aselsan ကုမ္ပဏီထုတ် Gürz 150 ပေါင်းစပ် လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ၂၀၂၄ ခုနှစ်တွင် အမှတ်စဉ်လိုက် ထုတ်လုပ်မှုစတင်နိုင်ခဲ့ပြီး ရုရှားထုတ် Pantsir–S1 စနစ်ထက်စွမ်းဆောင်ရည်သာလွန်နိုင်ကြောင်း ကမ္ဘာတစ်ဝန်းရှိ စစ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို လေ့လာသုတေသန ပြုလုပ်နေသည့် ဗြိတိန်နိုင်ငံအခြေစိုက် Royal United Services Institute (RUSI) သုတေသနအဖွဲ့အစည်းမှ သုတေသီ Sam Cranny–Evans က ထုတ်ဖော်ပြောဆိုခဲ့သည်ဟု Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တူကီယဲနိုင်ငံထုတ် Gürzလေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဆော်ဒီအာရေဗျနိုင်ငံ World Defense Show 2024 နှင့် တူကီယဲနိုင်ငံ SAHA 2024 ကဲ့သို့သော နိုင်ငံတကာ ကာကွယ်ရေးပစ္စည်းပြပွဲများတွင် ပထမဆုံးထုတ်ဖော်ပြသခဲ့ဖူးသည်။

Gürz 150 ဒုံးကျည်နှင့် အမြောက်ပေါင်းစပ်လေကြောင်းရန် ကာကွယ်ရေးစနစ်သည် ပစ်ခတ်ထိန်းချုပ်မှု အယ်လဂိုရီသမ်မှတစ်ဆင့် အလိုအလျောက်တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းရှိသော ဘက်စုံသုံးလေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် ဒုံးကျည်ကာကွယ်ရေးစနစ်အဖြစ် ဒီဇိုင်းထုတ်ထားပြီး Pantsir–S1လေကြောင်းရန်ကာကွယ်ရေးစနစ်ကဲ့သို့ ရှိပြီးသားစနစ်များထက် စွမ်းဆောင်ရည်သာလွန်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Gürz 150 ပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးစနစ်သည် အချက်အချာနေရာ ကာကွယ်ရေးအတွက် Hard–Kill နှင့် Soft–Killနည်းလမ်းများ ပေါင်းစပ်ထားပြီး ၃၅ မီလီမီတာ အလိုအလျောက်လေကွဲအမြောက်ကျည်များနှင့် Gökdoğan၊Bozdoğanဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ၏ မြေပြင်အခြေစိုက် ဒုံးကျည်မျိုးကွဲများ ပါဝင်သည်။ Gürz 150 ပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ပစ်မှတ်ရှာဖွေထောက်လှမ်းရေး၊ ပစ်ခတ်မှုထိန်းချုပ်ရေးရေဒါများ တပ်ဆင်ထားသည်။

Gürz 150 စနစ်သည် မောင်းသူမဲ့လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ တောင်ပံပုံသေတပ်လေယာဉ်များနှင့် အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုမျိုးစုံကို ထိရောက်စွာကာကွယ်တိုက်ခိုက်နိုင်စွမ်းရှိသည်။

Pantsir–S1 နှင့် နှိုင်းယှဉ်ပါက Gürz 150 စနစ်သည် AESA ရေဒါနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ စနစ်နှစ်ခုစလုံးသည် အချက်အချာနေရာကာကွယ်ရေးအတွက် အသုံးပြုနိုင်သော်လည်းGürz 150 စနစ်သည် လေဆာလက်နက်များနှင့် RF jammers ကဲ့သို့သော Hard–Kill နှင့် Soft–Kill နည်းလမ်းနှစ်မျိုးစလုံး ပါဝင်သည့် အလွှာပေါင်းစုံကာကွယ်ရေးစနစ်ကို အသုံးပြုထားသည်။ Gürz 150 စနစ်ဖွဲ့စည်းပုံသည် အနာဂတ်တွင် အဆင့်မြှင့်တင်မှုများ လွယ်ကူစွာပြုလုပ်နိုင်သော်လည်း Pantsir–S1 စနစ်သည် လုပ်ငန်းလည်ပတ်မှု ကန့်သတ်ချက်များကို ဖြေရှင်းရန်အတွက် စဉ်ဆက်မပြတ်ပြုပြင်မွမ်းမံမှုများ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**Why Türkiye’s new Gürz 150 air defense system could surpass the Russian Pantsir–S1 in modern air defense** ကို ဘာသာပြန်ထားပါသည်။

## ဂျာမနီထုတ် IRIS-T SLS လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ယူကရိန်းနိုင်ငံ၌ တပ်ဖြန့်အသုံးပြု

ယူကရိန်းနိုင်ငံ၌ ဂျာမနီနိုင်ငံထုတ် IRIS–T SLS လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ တပ်ဖြန့်အသုံးပြုလျက်ရှိကြောင်း ဖေဖော်ဝါရီ ၈ ရက်က X Account Military News UA တွင် ထုတ်ပြန်ခဲ့သော ဓာတ်ပုံအရ သိရသည်။

အဆိုပါစနစ်သည် လက်ရှိ ယူကရိန်းနိုင်ငံအနောက်ဘက်စစ်ဒေသ၊ လေကြောင်းကွပ်ကဲမှုတပ်ဖွဲ့များသုံး အီတလီနိုင်ငံထုတ် IvecoEurocargo 4x4 ယာဉ်ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားရှိသည်ကို တွေ့ရှိရသည်။ ဂျာမနီကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဂျာမနီနိုင်ငံသည် IRIS–T SLS လေကြောင်းရန်ကာကွယ်ရေးစနစ် ငါးစုံကို ယူကရိန်းနိုင်ငံသို့ပေးပို့ခဲ့ပြီး တစ်စုံတွင် ဒုံးပစ်လောင်ချာ နှစ်ခုပါဝင်ကြောင်း သိရသည်။ ယခုပေးပို့မှုသည် ရုရှားတို့၏ ဒုံးကျည်နှင့် ဒရုန်းတိုက်ခိုက်မှုများ၌ ယူကရိန်းနိုင်ငံ၏ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကိုအားကောင်းစေမည့် အဓိကခြေလှမ်းတစ်ရပ်ကို ကိုယ်စားပြုနေခြင်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံသည် ရုရှားတပ်ဖွဲ့များ၏စွမ်းဆောင်ရည်မြင့်မားသော ဒုံးကျည်နှင့်ဒရုန်းများ၏ တိုက်ခိုက်မှုကိုဆက်လက်ရင်ဆိုင်နေရသောကြောင့် နိုင်ငံ၏ ထိပ်တန်းစစ်ဘက်ဆိုင်ရာ ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဆက်လက်အားဖြည့်လျက်ရှိသည်။ ယူကရိန်းသမ္မတ ဇီလန်စကီးသည် ရုရှားလေကြောင်းတိုက်ခိုက်မှုများမှ ကာကွယ်နိုင်ရန်အတွက် ပိုမိုအဆင့်မြင့်သော လေကြောင်းရန်ကာကွယ်ရေးစနစ်များပံ့ပိုးပေးနိုင်ရန် အနောက်မဟာမိတ်နိုင်ငံများကို အကြိမ်ကြိမ်တောင်းဆိုမှုများပြုလုပ်ခဲ့ပြီး အရပ်ဘက်၊ စစ်ဘက် အခြေခံအဆောက်အအုံများကို ကာကွယ်ရန်အတွက် ၎င်းစနစ်များ၏ အရေးပါပုံကို အလေးပေးပြောကြားထားခဲ့ပြီးဖြစ်သည်။

ဂျာမနီနိုင်ငံမှ ထပ်မံပေးပို့လာသော IRIS–T SLS စနစ်များသည် အထူးသဖြင့် ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် ခရုဇ်ဒုံးကျည်များကဲ့သို့သော အနိမ့်ပျံခြိမ်းခြောက်မှုများကို ခုခံကာကွယ်နိုင်စွမ်းရှိသဖြင့် ယူကရိန်းနိုင်ငံ၏ အလွှာပေါင်းစုံလေကြောင်းရန်ကာကွယ်ရေး ကွန်ရက်ကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။

IRIS–T SLS (Surface Launched Short Range) စနစ်သည် ဂျာမနီနိုင်ငံ Diehl Defenceကုမ္ပဏီက တီထွင်ထုတ်လုပ်ထားရှိသည့် တာတိုပစ်ယာဉ်တင်၊ လေကြောင်းရန် ကာကွယ်ရေးစနစ်ဖြစ်သည်။ ၎င်းစနစ်သည် IRIS–T ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်၏ မြေပြင်မှပစ်လွှတ်မှုမျိုးကွဲဖြစ်ပြီး အနိမ့်ပျံလေကြောင်းခြိမ်းခြောက်မှုများကို တိကျစွာကြားဖြတ်ဖမ်းယူနိုင်စေရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါစနစ်သည် အကွာအဝေး ၁၂ ကီလိုမီတာနှင့် အမြင့် ရှစ်ကီလိုမီတာအတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး အနိမ့်ပျံလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များကို ထိရောက်စွာကြားဖြတ်ပစ်ချ တိုက်ခိုက်နိုင်မည်ဖြစ်သည်။



IRIS–T SLS လေကြောင်းရန်ကာကွယ်ရေးစနစ်သည် မတူညီသော မဟာဗျူဟာမြောက်နေရာများသို့ အမြန်ပြန်လည် တပ်ဖြန့်နေရာချထားနိုင်ကာ လျင်မြန်စွာရွှေ့လျားနိုင်သည်။ ရန်သူ၏ တိုက်ခိုက်မှုများကို တန်ပြန်နိုင်ရန်နှင့် ကာကွယ်မှုများ အများဆုံးပေးနိုင်ရန် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များကို မကြာခဏရွှေ့ပြောင်းနေရာချထားရမည်ဖြစ်ပြီး ယူကရိန်းနိုင်ငံ၏ ရွေ့တန်း စစ်မြေပြင်အခြေအနေများအတွက် ထိုအချက်သည် မရှိမဖြစ်လိုအပ်သည်။ IRIS–T SLS စနစ်တွင်အသုံးပြုသည့် IRIS–T ဒုံးကျည်၌ အဆင့်မြင့်အနီအောက်ရောင်ခြည်ရှာဖွေရေးစနစ်ပါရှိပြီး တန်ပြန်တုံ့ပြန်မှုများကို တိကျစွာ၊ ခံနိုင်ရည်မြင့်မားစွာ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ရွေ့လျားနေသော လေကြောင်းပစ်မှတ်များကိုပစ်မှတ်မှတ်ပုံတင်ကာ တုံ့ပြန်ဖျက်ဆီးနိုင်သည်။ ထို့ပြင် IRIS–T SLS စနစ်သည် ယူကရိန်းနိုင်ငံ၏ ရှိရင်းစွဲ NASAMS စနစ်ကဲ့သို့ အခြားလေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ကွန်ရက်ချိတ်ဆက်၍ လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို တန်ပြန်နိုင်သည့် အလွှာလိုက်ကာကွယ်ရေးချဉ်းကပ်မှုကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**First Image Confirms Deployment of German IRIS–T SLS Air Defense Missile System in Ukraine** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များကို တွေ့ဆုံအမှာစကားပြောကြား

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လက်ခံရယူစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူစဉ်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အခြေခံအချက်အလက် ကိန်းဂဏန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အတတ်နိုင်ဆုံးမှန်ကန်မှုရှိစေရေး စာရင်းကောက်ယူဆောင်ရွက်သွားရန်လိုပြီး ယင်းအခြေခံ အချက်အလက်များနှင့် ဒေသတွင်းစားရေးလိုအပ်ချက်များအပေါ်မူတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံချက်များကို ချမှတ်ဆောင်ရွက်သွားရန်လို . . .**

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမဆောင်၌ တွေ့ဆုံအမှာစကားပြောကြားပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### တည်ငြိမ်အေးချမ်းရေး၊ ကုန်သွယ်မှုလုပ်ငန်းများတိုးမြှင့်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ တာဝန်ထမ်းဆောင်ခွင့်ကို ခြောက်လသက်တမ်းထပ်မံတိုးမြှင့်ခဲ့ရကြောင်း၊ ယခု ခြောက်လတာကာလအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် ဒေသများအလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ အခက်အခဲမရှိစေရေး လစာနှင့်ထောက်ပံ့ကြေးများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်တွင်း နိုင်ငံခြားငွေအခက်အခဲများနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြှင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်ရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ကုန်သွယ်မှုကြောင့် နိုင်ငံပိုင်နိုင်ငံခြားငွေများ ရရှိသကဲ့သို့Non Trade များမှလည်း နိုင်ငံခြားငွေများရရှိကြောင်း၊ ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုမှ နိုင်ငံခြားငွေလိုအပ်မှုမှာ ၂၄ ဘီလီယံကျော်ခန့်ရှိကြောင်း၊ လိုအပ်သည့် နိုင်ငံခြားငွေများကို အခြားပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများနှင့် Non Trade များမှ ရရှိသည့်ငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံခြားချေးငွေများမရရှိကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိကြောင်း၊ CMP လုပ်ငန်းများမှလည်း နိုင်ငံခြားငွေများ ရရှိကြောင်း၊ အခြားနိုင်ငံများတွင် ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်သူများထံမှ နိုင်ငံခြားငွေများလည်းရရှိကြောင်း၊ သို့သော် မိမိတို့နိုင်ငံတွင် ရသင့်သလောက်ရရှိမှုမရှိသည်ကိုတွေ့ရသဖြင့် ပိုမိုတိုးတက်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

### စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး

နိုင်ငံတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့်တိုင်းတာကြပြီး မိမိတို့နိုင်ငံ၏ GDP သည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိပြီး **နိုင်ငံ၏အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြား နိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊** ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ **တိုင်းပြည်သာယာဝပြောစေရေး**

## နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်၊ ယခုကောက်ယူရရှိထားသည့် စာရင်းတွင်မပါဝင်ဘဲ ထပ်မံကောက်ယူရရှိလာမည့် ယာယီနေရပ်စွန့်ခွာနေရသူများ၏ စာရင်းကိုလည်း စိစစ်ကောက်ယူ၍ ထပ်မံတင်ပြတောင်းခံသွားရန်နှင့် စနစ်တကျ စိစစ်ထောက်ပံ့ပေးသွားရန်လို . . .





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူစဉ်။

**မြေကြီးကရွှေသီးအောင် လုပ်ကြရမည်ဖြစ်**ကြောင်း၊ **မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်မည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာလျှင် ပို့ကုန်ကဏ္ဍတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းဖြစ်ထွန်းအောင်မြင်ပြီး ပြည်ပဈေးကွက်လိုအပ်ချက်ရှိသည့် ဆန်၊ ပြောင်း၊ ကော်ဖီတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့်တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြောင်းကုန်ကြမ်းများကို ပြည်ပသို့တင်ပို့မည့်အစား အရည်အသွေးမြင့် ပြောင်းထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း၊ ပဲနှင့်ပတ်သက်၍လည်း အလားတူဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ ဆန်ထုတ်လုပ်မှုမှ ဆန်ကွဲနှင့်ဖွဲများကိုလည်း မွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိရှိအသုံးချသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် တစ်ခုနှင့်တစ်ခုအပြန်အလှန်ဆက်စပ်လျက်ရှိသဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အခြေခံအချက်အလက်ကိန်းဂဏန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အတတ်နိုင်ဆုံးမှန်ကန်မှုရှိစေရေး စာရင်းကောက်ယူဆောင်ရွက်သွားရန်လိုပြီး ယင်းအခြေခံအချက်အလက်များနှင့် ဒေသတွင်း စားရေးလိုအပ်ချက်များအပေါ်မူတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံချက်များကို ချမှတ်ဆောင်ရွက်သွားရန်လို**ကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေများလုံလောက်စွာရရှိစေရေး သဲချောင်းများ၌ မြေအောက်တမံများတည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံချက်များရေးဆွဲတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေး

နေရေးလုံခြုံမှုနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် ရာနှုန်းပြည့်လုံခြုံရေးဟူ၍မည်သည့်နိုင်ငံတွင်မျှမရှိနိုင်ကြောင်း၊ ရာဇဝတ်မှုများ၊ လုံခြုံရေးကျိုးပေါက်မှုများသည် နိုင်ငံတိုင်း၌ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှစ၍ ပြည်သူ့လုံခြုံရေးစနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အဓိကဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး သက်ဆိုင်ရာနယ်မြေဒေသအလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူကအားကိုးရသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း ၎င်းတို့၏တာဝန်ထမ်းဆောင်မှုများအပေါ် လိုအပ်သည်များ အားပေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေရာဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မှန်မှန်ကန်ကန်ဖြင့် တာဝန်ပေးအပ်နိုင်ရေး၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသအလိုက်ရှိပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ အတူတကွလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

သွားလာရေးနှင့်လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုအပိုင်းနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကိုအခွင့်ကောင်းယူ၍ အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ အကြမ်းဖက်မှုကို ကျူးလွန်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသအလိုက် နယ်မြေစိုးမိုးမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုမရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်စေနိုင်မည်ဖြစ်ပြီး စားရေးသောက်ရေးနှင့် လူမှုစီးပွားဘဝများလည်း ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သွားလာမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

### MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ယမန်နေ့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များအနေဖြင့် တစ်စုတစ်စည်းတည်းဆုံစည်းခဲ့ကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ကုန်များကို တစ်စုတစ်စည်းတည်းတွေ့ရှိရပြီး အားသာချက်၊ အားနည်းချက်များ၊ ဒေသအလိုက် ဆောင်ရွက်ချက်များကို တွေ့မြင်သိရှိရနိုင်သည့် တန်ဖိုးအရှိဆုံးသော အကြီးအကျယ်ဆုံးသော အခွင့်အရေးပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်၌ ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေနိုင်မည်ဖြစ်ပြီး ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် MSME လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေနိုင်မည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ ရရှိစေရေး Polytechnic တက္ကသိုလ်များ၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရင်းနှီးမတည်ငွေများ ထုတ်ပေးရာတွင်လည်း သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီဆောင်ရွက်ပေးရန်လိုကြောင်း။

### ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး

ပညာရေးမြှင့်တင်မှု လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် စာသင်ကျောင်းများ ကျောင်းအင်္ဂါရပ်များနှင့်အညီဖြစ်စေရေးအတွက် ပိုလျှံဘဏ္ဍာငွေများဖြင့် သတ်မှတ်ထားသည့် ဘဏ္ဍာရေးကာလအတွင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သည့် အဆောက်အအုံများ၊ ခြံစည်းရိုးများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ လုံခြုံရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ဝန်ထမ်းလိုင်းခန်းများ ပြည့်စုံစွာရှိစေရေး အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘတ်ဂျက်ငွေသုံးစွဲမှုနှင့်ပတ်သက်၍ Quick Win ဖြစ်နိုင်သည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

### လွတ်လပ်၍တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်စာရင်းများမှန်ကန်မှုရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများရှိသည် ကိုလည်းတွေ့ရှိရကြောင်း၊ အဆိုပါနေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများ၏ စာရင်းများကိုမှန်ကန်စွာဖြစ်စေရေး သက်ဆိုင်ရာအုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရရှိရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် သုံးရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည်

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ **စာမျက်နှာ ၁၈ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ဆုံးရှုံးမှုများသည်လည်း သဘာဝဘေး အန္တရာယ်သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် **နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လ ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ လစဉ် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး** နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းအမှတ်များသို့ လွှဲအပ်ပေးသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများပေးအပ်ရာတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများ အားလုံးပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး၊ စနစ်တကျထိထိရောက် ရောက်ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကောက်ယူရရှိထားသည့် စာရင်းတွင် မပါဝင်ဘဲ ထပ်မံကောက်ယူရရှိလာမည့် ယာယီနေရပ်စွန့်ခွာနေရသူများ၏စာရင်းကိုလည်း စိစစ်ကောက်ယူ၍ ထပ်မံတင်ပြတောင်းခံသွားရန်နှင့် စနစ်တကျစိစစ်ထောက်ပံ့ပေးသွားရန်လိုကြောင်း။

## နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်ရေး

နွေရာသီကျောင်းပိတ်ရက်ကာလနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ရက်ကို အကျိုးရှိရှိ အသုံးချနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သင်ယူခဲ့ပြီးဖြစ်သည့် သင်ခန်းစာများအား ပြန်လည်ဖတ်မှတ်လေ့လာစေခြင်း၊အင်္ဂလိပ်စာ၊ကွန်ပျူတာတို့ကဲ့သို့ ၎င်းတို့ကိုအကျိုးဖြစ်စေနိုင်မည့် အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားစေခြင်းများကို စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းပိတ်ရက်ကာလအတွင်း ပညာရေးဝန်ထမ်းများ၏ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံသင်တန်းပို့ချပေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း KG + 9 ထိ ပညာသင်ကြားရေးစနစ်အဖြစ် ဖော်ဆောင်ထားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ယခုမှာကြားချက်များကို ပြန်လည်ရောက်ရှိချိန်တွင် တာဝန်ရှိသူများအား ပြန်လည်ဆွေးနွေး မှာကြားခြင်းနှင့် အကောင်အထည် ဖော်ခြင်းများကို ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြရာတွင် စက်မှုဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးက စက်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်ရေးဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှမတည်ထောက်ပံ့ငွေများထုတ်ပေးထားရှိမှု အခြေအနေများ၊ ယာယီနေရပ်စွန့်ခွာနေရသူများအတွက် ထောက်ပံ့ငွေများပေးအပ်သွားမည့်အခြေအနေများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး၊ လက်နက်ခဲယမ်း သယ်ဆောင်မှုနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရေး၊ သဘာဝပတ်ဝန်းကျင်စီမံးလန်းစိုပြည်ရေးနှင့် မီးခိုးငွေ့ကင်းစင်ရေးဆိုင်ရာများကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှု၊ စိစစ်မှုတို့နှင့် ပတ်သက်၍ မျက်မြင်စစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာ စစ်ဆေးခြင်းများ၊ စိတ်ဓာတ်စည်းကမ်းပိုင်းဆိုင်ရာစစ်ဆေးခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်ပါက သတ်မှတ်ထားသည့် ဥပဒေအတိုင်းသာဖြစ်ရန်လိုပြီး အတင်းအဓမ္မစုဆောင်းခြင်းများမဖြစ်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့် ပတ်သက်၍ လျှပ်စစ်မီးလိုအပ်ချက်ကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပါက လုပ်ဆောင်ပြီး သုံးနှစ်တာကာလအတွင်း အရင်းကျေကာလသို့ ရောက်ရှိနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက်ရှိ MSME လုပ်ငန်းများအား ဆိုလာစနစ်ကိုအသုံးပြု၍ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး အသိပညာပေးသွားရန်လိုကြောင်း၊ MSMEလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ယခုကဲ့သို့ခမ်းခမ်းနားနားဖြင့်ရည်မှန်းချက်ကြီးကြီးထား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြပွဲနှင့် ပြိုင်ပွဲတွင် မြန်မာသံရုံးများမှ စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက်ရှာဖွေနိုင်ရေး ဆောင်ရွက်မှုများ၊စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေသည့် အရပ်ဘက်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်ဘဏ်များနှင့်လည်းချိတ်ဆက်နိုင်ရန်ဆောင်ရွက်ပေးထားသဖြင့် အကျိုးရှိရှိဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ နယ်စပ်ဒေသများ၌ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍လည်း အရေးကြီးသည့် ကိစ္စရပ်များဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားသွားရန် လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရေနံစိမ်းတိုးမြှင့်ထုတ်ယူနိုင်ရေးကိစ္စများ၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးမြေအဖြစ် သုံးစွဲရန်မသင့်လျော်သည့်နေရာများ၊ မြေလွတ်မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ထားရန်လိုကြောင်း၊ အဆိုပါမြေနေရာများတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး နိုင်ငံတော်ကစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အထွေထွေဆွေးနွေးမှုများတွင်ပါဝင်သည့် မီးခိုးငွေ့ကင်းစင်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာတွင်လည်း ဆောင်ရွက်လျက်ရှိပြီး အားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးခိုးငွေ့နှင့် လေထုသန့်ရှင်းရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရာ၌ ဖမ်းဆီးရမိသူများအပြင် ပါဝင်ပတ်သက်နေသည့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကိုလည်း အဆင့်ဆင့် စိစစ်ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း၊ တရားမဝင်မော်တော်ဆိုင်ကယ်များကိုလည်း စိစစ်ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းသည် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်စေနိုင်သဖြင့် ထိထိရောက်ရောက် ဖော်ထုတ်ဆောင်ရွက်သွားရန် လိုကြောင်း။

Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့်ပတ်သက်၍လည်း ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သတင်းအချက်အလက်များဖော်ထုတ်ရယူ၍ အရေးယူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ထုတ်လုပ်မှု၊သယ်ယူပို့ဆောင်မှု၊သိုလှောင်ရောင်းချမှုဟူ၍ရှိပြီး သယ်ယူပို့ဆောင်ရာတွင် မြို့ကြီးများကို ဖြတ်ကျော်သယ်ဆောင်နေခြင်းများဖြစ်သဖြင့် စနစ်တကျဖိဖိစီးစီးဖြင့် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ဒုစရိုက်မှုများကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်လာသူများအနေဖြင့် နယ်စပ်ဒေသများရှိ ဒေသခံတိုင်းရင်းသူများနှင့် လက်ထပ်ထိမ်းမြားခြင်းများလုပ်ဆောင်ပြီး မိမိတို့နိုင်ငံသားအဖြစ်ရရှိရန် ဆောင်ရွက်ခြင်းများလည်းရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများအနေဖြင့် နိုင်ငံခြားသားများနှင့် မိမိတို့နိုင်ငံသားများ တရားမဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခြင်းများကိုစနစ်တကျဖြင့် ဖော်ထုတ်သွားကြရန်လိုကြောင်း။

စာကြည့်တိုက်များနှင့် ပတ်သက်၍လည်း အားပေးဆောင်ရွက်သွားရန်လိုပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းများတိုးတက်ရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲနေထိုင်ကြသော သွေးချင်းသားချင်းညီအစ်ကိုမောင်နှမအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်ထိ နိုင်ငံ၏သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်စွာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့တို့က ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲခဲ့သဖြင့် ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ရောက်ခဲ့ရပါသည်။

ပြည်ထောင်စုဖွားသွေးချင်းများသည် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိစေရန် သွေးစည်းညီညွတ်မှုဖြင့် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရသည့်တိုင် ပြည်မကိုသာ လွတ်လပ်ရေးပေးကာ တောင်တန်းဒေသများကို ချန်လှပ်ထားရန်ကြံစည်၍ အချင်းချင်းစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို လုပ်ဆောင်ခဲ့ကြပါသည်။ သို့သော်လည်း တောင်တန်းဒေသ၊ ပြည်နယ်ပြည်မခွဲခြားဘဲ လွတ်လပ်ရေးကို တပေါင်းတစည်းတည်း အတူရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက်တွင် ပင်လုံမြို့၌ ပြည်ထောင်စုစာချုပ်ကြီးကို သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးအတွက် အခြေခံဖြစ်သော သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီ ၁၂ ရက်ကို ပြည်ထောင်စုနေ့ဟုသတ်မှတ်၍ နှစ်စဉ် ပြည်ထောင်စုနေ့အခမ်းအနားများကို ကျင်းပခဲ့သည်မှာ ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

မိမိတို့နိုင်ငံ၏ ထူးခြားသောဝိသေသမှာ တိုင်းရင်းသား လူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်ပါသည်။ နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးဖြင့် နေထိုင်ဆက်ဆံကြမည်ဆိုပါက အေးချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် နိုင်ငံသားတိုင်း ဝံသာနုရက္ခိတတရားတည်းဟူသော မိမိနိုင်ငံနှင့် လူမျိုးကို အစဉ်စောင့်ရှောက်လိုစိတ်၊ အမျိုးဂုဏ်ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းလိုစိတ်တို့ကို အခြေခံပြီး အေးအတူပူအမျှ ချစ်ကြည်စွာ ပေါင်းစုနေထိုင်သွားကြမည်ဆိုပါက ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေမည်သာဖြစ်ပါသည်။

ရှေးမြန်မာမင်းများနှင့် ဘိုးဘွားဘီဘင်များထံမှ အမွေအနှစ်အဖြစ်ရရှိထားသော ပြည်ထောင်စုနယ်နိမိတ်မပျောက်ပျက်စေရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုသားအားလုံးက **"ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ကြရန်"** တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသော ညီရင်းအစ်ကို၊ မောင်ရင်းနှမများဖြစ်ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကြီးပြင်းရာဝန်းကျင်၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကားနှင့် မြတ်နိုးရာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများ မတူကွဲပြားသော်လည်း ပြည်ထောင်စုသား သွေးချင်းများဖြစ်သည်ဟူသော အသိစိတ်ဖြင့် တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကာ စည်းလုံးညီညွတ်မှုအစဉ်အလာကောင်းများဖြင့် ချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပါသည်။

တိုင်းရင်းသားများ၏ ပင်ကိုစိတ်ရင်းတွင် အေးချမ်းစွာ နေထိုင်စားသောက်လိုစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အချင်းချင်းရိုင်းပင်းကူညီလိုစိတ် အပြည့်ရှိကြပြီး ပကတိရိုးသားဖြူစင်သော စိတ်ထားရှိကြပါသည်။ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် ယနေ့အချိန်ထိ တိုင်းရင်းသားညီနောင်အချင်းချင်းအကြား လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ်မအေးချမ်းဖြစ်နေရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြရပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ကိုယ်စီ၏ လိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် တောင်းဆိုခြင်းမှာ မှားယွင်းသောလမ်းစဉ်ဖြစ်၍ မှန်ကန်သည့် ကောင်းကျိုးရလဒ်များ ရရှိနိုင်မည်မဟုတ်သည့်အတွက် မိမိတို့တိုင်းရင်းသားများအကြား နားလည်မှုလွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ ဒေသခံတိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေး အားပေးဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါသည်။ သို့ဖြစ်၍ **"လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး"**ကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသောနိုင်ငံသည် အမြဲထာဝရဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံမှာ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတွင်းရှိ ပြည်သူများ၏စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများနှင့် ပဋိပက္ခများကိုဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေထိဖြစ်ပေါ်အောင် ဖန်တီးနေကြပါသည်။ တိုင်းပြည်စည်းလုံးမှုပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့များ ပါဝင်ပတ်သက်ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအပေါင်း စည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန် လိုအပ်ပါသည်။ **နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ စိတ်တူကိုယ်တူ တစ်သားတည်းရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်**ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ကြရန်" တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီး ပါတီစုံပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်တွင် အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ရှေ့ပြေးလူဦးရေစာရင်းကို တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်ကာ တိကျမှန်ကန်သည့် အတည်ပြုဦးရေစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့ပြီး ရွေးကောက်ပွဲအတွက် ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲတွင် မဲမသမာမှုမရှိရေးနှင့် တိကျမှန်ကန်ရေး Myanmar Electronic Voting Machine ဖြင့် မဲပေးသည့်စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်သည့်

စာမျက်နှာ ၂၀ သို့

**နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ စိတ်တူကိုယ်တူ တစ်သားတည်းရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်...**

**၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပြည့်ဝအောင်မြင်စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားများက သမိုင်းပေးတာဝန်အဖြစ် ခံယူလျက် ညီနောင်တစ်စု တည်ထောင်ပြုပါက ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ၊ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်...**

# ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်

**တိုင်းရင်းသားပြည်သူများ၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
၇၇ နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်



# နိုင်ငံတာဝန်များကို ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေအသိပညာရပ်များကို ပိုမိုသိရှိနားလည်တတ်ကျွမ်းရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ထမ်းများအနေဖြင့် ဥပဒေဆိုင်ရာအခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ တာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်၍ ယခုသင်တန်းကိုဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့်အပြင် နိုင်ငံသားတိုင်းအနေဖြင့် သိရှိလိုက်နာစောင့်ထိန်းရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတာဝန်များကို ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေအသိပညာရပ်များကို ပိုမိုသိရှိနားလည်တတ်ကျွမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်ငြိစွန်းနိုင်သည့်ကိစ္စရပ်များကိုရှောင်ရှား၍ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။





ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန့်ဇင်က "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ"ကိုလည်းကောင်း၊ သင်တန်းနည်းပြများက "မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေး အသိပညာ"တို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းဆင်းဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၉ မှအဆက်**

ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ လူတစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက်၏ လိုအင်ဆန္ဒများကို ပဋိပက္ခအဖြစ် ဖန်တီးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုများမှ ရှောင်ရှား၍ ငြိမ်းချမ်းသောနည်းဖြင့်သာ ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကဖြစ်သဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်နေသော တည်ငြိမ်အေးချမ်းမှုရှိရေး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်"** တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်းအကြားတွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းတွင်လည်းကောင်း၊ ကျေးလက်နှင့်မြို့ပြအကြားတွင်လည်းကောင်း လူနေမှုစနစ်ကွာဟနေမှုများ၊ ဆင်းရဲချမ်းသာကွာဟနေမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုက ပဓာနကျသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုးရှေးရှုမှုက အခရာကျပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ အရည်အသွေးမီသော အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးစေရေးတို့အပြင် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်၍ နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မတူညီသည့် ရေမြေ၊ ရာသီဥတု၊ ဒေသအခြေအနေများအပေါ်မူတည်၍ ဒေသအလိုက် မည်သည့်ရေတို၊ ရေရှည်စီးပွားရေးလုပ်ငန်းမျိုး ဆောင်ရွက်သင့်သည်၊ မည်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးသင့်သည်ကို ဆွေးနွေးညှိနှိုင်းပြီး ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို သမားရိုးကျနည်းအပြင် ခေတ်မီနည်းစနစ်များဖြင့် တီထွင်တိုးမြှင့်ထုတ်လုပ်ရမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံ့စီးပွားတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သောကြောင့် နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ တန်းတူရည်တူ အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသဖြင့် ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ စနစ်တကျမွေးထုတ်လျက်ရှိပါသည်။

ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ အတတ်ပညာပြည့်စုံသော ပညာတတ်များပေါ်များရေးဟူသော ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများတိုးချဲ့ရေး၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်အောင် ပြင်ဆင်ရေးတို့အတွက် တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးကောင်းမွန်သော ပညာတတ်များပေါ်များလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားများ တိုးတက်လာပြီး လူမှုစီးပွားဘဝများလည်း မြင့်မားလာကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ကွာဟမှုလျော့နည်းလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **"ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး"**အတွက် သက်ဆိုင်သူများနှင့် တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

**၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပြည့်ဝအောင်မြင်စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားများက သမိုင်းပေးတာဝန်အဖြစ်ခံယူလျက် ညီနောင်တစ်စု တည်ထောင်ပြုပါက ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါကြောင်း** တိုက်တွန်းမှာကြားလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အထူးစည်ကားလျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဒုတိယနေ့အဖြစ် ဆက်လက်ပြသရောင်းချလျက်ရှိရာ ကျောင်းသား၊ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူအများအပြားလာရောက်လေ့လာကြပြီး အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပြပွဲသို့ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME) များ လုပ်ကိုင်နေကြသည့်လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင်MSME လုပ်ငန်းများစတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များသည်လည်း စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာကြသည်ကို တွေ့ရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်ထုတ်ကုန်ပြခန်းအလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဒေသ၏အထင်ကရနေရာများ၊ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ ဒေသအလိုက်ရိုးရာအစားအစာများနှင့် MSME ထုတ်ကုန်များကို အများပြည်သူ စိတ်ဝင်တစားလေ့လာကြည့်ရှုနိုင်ရန်ခင်းကျင်းပြသရောင်းချလျက်ရှိသည့်အတွက် လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး ပြခန်းလာရောက်လေ့လာကြသူများကို ပြခန်းအလိုက်တာဝန်ရှိသူများက သတင်းအချက်အလက်နှင့် နည်းပညာများ၊ပြည်တွင်း၊ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် စံအရည်အသွေးသတ်မှတ်ချက်များနှင့် ဒေသထွက်ကုန်ကြမ်းများပေါ်အခြေခံပြီး စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ အမြင်သစ်များကို အသိပညာပေး ဆွေးနွေးမျှဝေပေးလျက်ရှိရာ လုပ်ငန်းရှင်များအပြင် သိရှိလိုသမျှလေ့လာမေးမြန်းကြသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ၌ ဒေသထွက်အစားအသောက်များ၊တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများကို ပြည်သူများစိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည့်အတွက် လာရောက်ဝယ်ယူကြသူများဖြင့်ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အလားတူ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်း၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့က စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ပြပွဲလာကြသူများအေးချမ်းပျော်ရွှင်စွာအပန်းဖြေနိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်သီဆိုကပြဖျော်ဖြေကြရာ ပြည်သူအများအပြားပါဝင်ဆင်နွှဲလျက်ရှိကြောင်းနှင့်ယနေ့တွင် ရပ်နီးရပ်ဝေးမှ လာရောက်လည်ပတ်လေ့လာကြသူများ၊ ဒေသအလိုက် ထွက်ကုန်များနှင့် ရိုးရာအစားအစာများအား နှစ်သက်စွာဝယ်ယူသုံးဆောင်၍ လာရောက်အပန်းဖြေကြသူများ၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းချိတ်ဆက်မှုများတွင် စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့် လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များဖြင့် စည်ကားသိုက်မြိုက်စွာပါဝင်ဆင်နွှဲလျက်ရှိသည်။ လာရောက်လည်ပတ်ကြသူများအနေဖြင့် လူဦးရေ ၅၅၅၀ ကျော်၊ မော်တော်ယာဉ်အစီး ၇၀၀ ခန့်နှင့်မော်တော်ဆိုင်ကယ်အစီးရေ ၄၀၀ ခန့်ထိရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)မှ မန္တလေး-ချင်းမိုင် တိုက်ရိုက်ခရီးစဉ်သစ် စတင်ပြေးဆွဲ



**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)မှ မန္တလေး-ချင်းမိုင်တိုက်ရိုက်ခရီးစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့တိုင်း တစ်ပတ်လျှင် နှစ်ကြိမ်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သစ်စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပခဲ့သည်။

MAI လေကြောင်းလိုင်းက ယမန်နေ့တွင် မန္တလေးမြို့နှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တို့အကြား တိုက်ရိုက်ခရီးစဉ်သစ်ကိုစတင်ပြေးဆွဲကြောင်းကြေညာခဲ့ပြီး မန္တလေး-ချင်းမိုင်ခရီးစဉ်သည် MAI ပြေးဆွဲနေသည့် နိုင်ငံတကာခရီးစဉ်ကွန်ရက်တွင် ယခုနှစ်အတွင်း အသစ်တိုးချဲ့ပြေးဆွဲသည့် ပထမဆုံးခရီးစဉ်ဖြစ်သကဲ့သို့ MAI ၏ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့်ပျံသန်းပြေးဆွဲနေသည့် ဗန်ကောက်-သုဝဏ္ဏဘူမိလေဆိပ်၊ ဗန်ကောက်-ဒွန်မောင်းလေဆိပ်နှင့် နိုဗိုစီဗစ်ခရီးစဉ်တို့ပြီးနောက် ထပ်မံပြေးဆွဲသည့် စတုတ္ထမြောက်ခရီးစဉ်အသစ်ဖြစ်သည်။

ခရီးစဉ်အသစ် စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အဖြစ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ချင်းမိုင်လေဆိပ်သို့ ဆိုက်ရောက်လာသည့်လေယာဉ်ကိုရေပက်ဖျန်းကြိုဆိုခဲ့ပြီး ခရီးစဉ်အတွင်း လိုက်ပါစီးနင်းလာကြသည့် ခရီးသည်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အမှတ်တရလက်ဆောင်များပေးအပ်ကာ ခရီးဦးကြိုဆိုခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲနှင့် ဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်(**ယနေ့**)တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်၍ MRTV-HD၊ MRTV News၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliament၊ MRTV NRC၊ 5 Plus၊ Readers' Channel၊ Channel 9၊ MNTV၊ Skynet Up to Date Channel၊ MWD HD၊ MWD VARIETY HD တို့မှလည်းကောင်း၊ မြန်မာ့အသံ ရေဒီယို၊ သဇင်FM၊ ပတ္တမြားFM၊ ချယ်ရီFM၊ ပဒ္မဝတီFM၊ မန္တလေးFM၊ ရွှေFM ၊ ပုဂံFMနှင့် Star FMတို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဖျော်ဖြေပွဲကို ယင်းနေ့ ည ၆ နာရီမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြားတိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း MRTV NRC နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက်(Live )ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး MRTV HD မှ ည ၈ နာရီသတင်းများအပြီးတွင် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆုရရှိသည့်အသင်းကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များ အနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက်စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကိုကျင်းပလျက်ရှိသည်။

ထိုသို့ ကျင်းပလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ပြိုင်ပွဲဝင်အသင်းများ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားသို့ပင့်လျှောက်၊ ဖိတ်ကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်ပွဲအခမ်းအနားကို မတ် ၁၁ ရက်နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို မတ် ၁၃ ရက်(၁၃၈၆ ခုနှစ် တပေါင်းလပြည့်နေ့) ကြာသပတေးနေ့တွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိ သာသနဗိမာန်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားများသို့ "အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ သီလရှင်ကြီးများနှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များကို မတ် ၉ ရက်ထက်မစော၊ မတ် ၁၀ ရက်ထက်နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်နိုင်ပါရန် ပင့်လျှောက်၊ ဖိတ်ကြားထားကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)

# တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျောင်းသစ် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၈ ဦးတို့ကိုအရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ထူးခြားသည့် ညအပူချိန်များ (၁၁-၂-၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မင်းကင်း | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ကလေးဝ | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | စစ်တွေ | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သာစည်မြို့နယ်နှင့် ဘားအံမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း ဖမ်းဆီးရမိ





ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် ည ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှရန်ကုန်ဘက်သို့ အားဘ(ခ)အားဆာ မောင်းနှင်ပြီး မမိုးမိုးအေး လိုက်ပါလာသည့် MITSUBISHI PA-JERO မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားငါးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ အဝေးပြေးကားကြီးဝင်း၌ ထွန်းဇော်ဒေးဦးနှင့် မဖြူဖြူအောင်တို့ နှစ်ဦးကို TOYOTA NOANVOXY မော်တော်ယာဉ်တစ်စီးနှင့်အတူ ငါးခြောက်အိတ်များအတွင်း သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၉ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စောအုန်းကြွယ် (ခ) အုန်းကျော်အား ဆိုင်ကယ် တစ်စီးနှင့်လည်းကောင်း၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်တွင် တိုးတက်ထွန်း(ခ)တိုးကြီးနှင့် ကောင်းဆက်ကျော် (ခ) ကိုဆက်တို့ကို TOYO-TA WISH မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ မြဝတီနယ်စပ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

# ပေါက်မြို့နယ် မကျီးစင်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ပြီး အမျိုးသားတစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မကျီးစင်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်၍ နေအိမ် ၃၀ ခန့်အား မီးရှို့ခဲ့ပြီး အမျိုးသားတစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော်လည်း ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများအား ဥပဒေမဲ့သတ်ဖြတ်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “soe tha zin 17” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥဿာမြို့သစ် (၃)ရပ်ကွက်နေ စိုးဇင်ဇင်(ခ)စိုးသဇင်(ခ)စနိုးအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၄၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”**အစီအစဉ်မှ **“NUG ကလည်း တော်လိမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDF ကလည်း ဓားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်းချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ”** ခေါင်းစဉ်ဖြင့် ၁၂-၂-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မရိုးနိုင်သော ကောလာဟလများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




(၁)

ကိုစိုးမောင်၏ ရွှေပေါ်ထိုးသံ တရှဲရှဲက စည်းချက်မှန်မှန်ထွက်ပေါ်လျက်ရှိသည်။

"အဖေ ဒီနေ့ သမီးကျူရှင်လခ သွင်းရမယ် နော် အဖေ"

ကိုစိုးမောင်သည် နဖူးဆီမှ စီးကျလာသော ချွေးများကို လက်ခုံနှင့်ဆွဲသုတ်လိုက်ရင်း–

"အေး အေး သမီး။ အဖေ ညနေကျလာသွင်းပါ့မယ်လို့ သမီးဆရာကြီးကို ပြောလိုက်"

"ဟုတ်ကဲ့အဖေ"

အပ်ထည်လက်ခံထားသော တံခါးပေါက်ပေါင်များကို ရွှေပေါ်ထိုးရင်း ကိုစိုးမောင် သမီးအလတ်မကို ပြန်ပြောဖြစ်လိုက်သည်။ မီးမွှေးစာအတွက် ရွှေပေါ်စာများကို လိုက်ကျုံးနေသော မနွယ်မှာ ကျူရှင်သို့ ထွက်သွားသော သမီးကိုတစ်လှည့် ကိုစိုးမောင်ကို တစ်လှည့် ကြည့်ရင်း–

"တော့လက်ထဲ ပိုက်ဆံကျန်သေးလို့လား ကိုစိုးမောင်ရယ်။ ဟိုနေ့ကပဲ သမီးကြီးလှမ်းမှာလို့ ပို့လိုက်ရသေးမဟုတ်လား"

"ဒီ တံခါးပေါင်လေးတွေအပ်ရင်တော့ လက်ခရမှာပါကွာ။ လက်ခမရခင်လေးတော့ ဘော်ဒါအုပ်ကို ခဏ ဆိုင်းထားပါအုံးပြောထားရမှာပေါ့"

"သမီးငယ်သိလို့ အားငယ်သွားပါအုံးမယ်တော်"

"ဟ ငါက အလကား ကလေးကို အသိခံပ့ါမလားဟ"

"အမေ ဘာစားစရာရှိတုံး"

"ဟေ အေး။ အဲဒီအုပ်ဆောင်းအောက်မယ် ကန်စွန်းဥပြုတ်ရှိတယ် စား စား။ ဟဲ့ ချွေးတွေလဲ ရွှဲနစ်လို့ ဆော့လာလိုက်တာ အငယ်ကောင် သွား သွား အင်္ကျီလဲလိုက်အုံး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဟုတ်ကဲ့ ဟုတ်ကဲ့ဟု ဆိုကာ အငယ်ကောင်မှာ အုပ်ဆောင်းအောက်ကကန်စွန်းဥကိုယူ၍လက်မှကိုင်ကာ ဆော့ကစားရာဆီသို့ ပြေးထွက်သွားပြန်သည်။

"ဘာလိုလိုနဲ့ သမီးကြီးတောင် ဘီတက် ပထမနှစ်ပြီးတော့မယ်နော်"

"သမီးလတ်လဲ ဆယ်တန်းဖြေရတော့မယ် ထည့်ပြောအုံး။ အငယ်ကောင်သာ အခုမှ ခြောက်တန်းပဲ ရှိသေးလို့"

"အေးပါကွာ ကလေးတွေကလဲ စာတော်သဟော့ အကြီးမလဲ ဂုဏ်ထူးနဲ့အောင်ခဲ့တာဆိုတော့ အငယ်မလဲ ညံ့မှာမဟုတ်ဘူး"

"ကဲ ရော့ ရော့။ ထိုင်မနားတော့ရင်လဲ ရေနွေးလေး သောက်လိုက်အုံး။ ကျုပ် နည်းနည်းအေးအောင် လုပ်ထားတယ်။ ကန်စွန်းဥစားအုံးမလား အခွံနွှာပေးမယ်"

"အေးပါကွာ မစားသေးပါဘူး ဒါလေး ပြီးအောင် လုပ်လိုက်ချင်လို့"

"ရွာကပြောင်းလာခါစက ဝယ်ထားတဲ့မြေကွက်လေးတွေတော့ ဘယ်တော့မှ ပြန်ရွေးနိုင်မတုံး မသိဘူးနော်"

"အဲဒါအတွက်နဲ့တော့ စိတ်မကောင်းမဖြစ်ပါနဲ့မနွယ်ရာ။ ကိုယ့်မှာ ဒါလေးတွေကလွဲရင် ပေါင်စရာနှံစရာ ရွှေမှမရှိဘဲကိုး။ မြေယာလက်လွတ်နေလို့ စိုက်ပျိုး စားစရာမရှိပေမဲ့ အခုလဲ လက်သမားအလုပ်ကလေးက အဆင်ပြေနေသားပဲကွာ"

"ဈေးထဲကလူတွေကတော့ ကျုပ်ကို ပြောကြသတော့"

"ဘာပြောတုံး"

"ကျုပ်တို့ရဲ့ကလေးတွေ ကျောင်းထားနေရတာကို မိနွယ် ညည်းတို့အိမ်တော့ စာစုပ်ခံနေရပြီတဲ့"

"ပြောပါစေကွာ သူတို့ သားသမီးတွေ ထူးချွန်ရင်လဲ ဒီလိုပဲ ထားကြရမှာပဲ။ ကိုယ်က ကိုယ့်သားသမီး ထူးချွန်နေတာကိုပဲ ဂုဏ်ယူတတ်စမ်းပါ မိန်းမရာ"

"အေးပါတော် အေးပါ။ ကျုပ်က တော် ပင်ပန်းလို့ ပြောနေတာပါ"

"ငါက မပင်ပန်းပါဘူးကွာ။ မင်းသာ ဈေးထွက်ရ အိမ်အလုပ်လုပ်ရနဲ့ ပင်ပန်းနေတာ။ သားသမီးတွေ အရာရှိကြီးတွေဖြစ်မှ ဇိမ်နဲ့နေကြစို့ မနွယ်ရေ။ အခုတော့ ကြိုးစားလိုက်ကြအုံးစို့"

မနွယ်၏ မျက်စောင်းလှလှကြီးကြောင့် ကိုစိုးမောင်မှာ အမောပင် ပြေသွားရကာ ရွှေပေါ်ထိုးနေသော သစ်သားချောင်းကို တရှိုးရှိုးဆက်၍ ထိုးလိုက်ပါတော့သည်။.

(၂)

"အမေရေ အမေ သမီးဆယ်တန်းအောင်တယ် ဂုဏ်ထူးနှစ်ဘာသာပါတယ်"

"အေး သမီးလေး အောင်စာရင်းကြည့်လာခဲ့ပြီလား။ ဂုဏ်ထူးပါတယ် ဟုတ်လား"

"ဟေ ငါ့သမီးငယ်ကလဲ အမခြေရာတော့ မီအောင် လိုက်နိုင်သဟော့။ ငါ့သမီးတွေ ထူးထူးချွန်ချွန်နဲ့အောင်တာ အဖေ ဝမ်းသာတယ်သမီးတို့ရေ ဝမ်းသာတယ်ကွ"

"အမေရော ဝမ်းမသာဘူးလားဟင်"

"အမယ်လေးတော် ဘယ်လိုပြောလိုက်ပါ့ ဝမ်းသာတာပေါ့သမီးရယ်"

"အမေ သမီး အဘွားတို့အိမ်ဘက် သွား ပြောလိုက်အုံးမယ်နော်"

"အေး အေး သွား သွား။ အဘိုးနဲ့အဘွားလဲ ဝမ်းသာသွားအောင် ပြောလိုက်အုံး"

စက်ဘီးနင်းထွက်သွားသော သမီးလတ်၏ ကျောပြင်ကိုကြည့်ရင်း မနွယ် သက်ပြင်းချမိသည်။

"ကိုစိုးမောင် သမီးငယ်ကို အဝေးသင်တက်ခိုင်းရကောင်းမလား"

"ကြံကြံစည်စည်ကွာ ကိုယ့်သမီးလေးဒီလောက်တော်နေတာကို သူတက်ချင်တဲ့ တက္ကသိုလ်တက်ပါစေ မနွယ်ရာ"

"နှစ်ယောက်စရိတ်ဆိုတော့ တော် ပိုပင်ပန်းမှာစိုးလို့ပါ ကျုပ်ဈေးရောင်းတာလဲ သိပ်အဆင်မပြေလှဘူးမို့လား။ ဘုရားပန်းသည်တွေကလဲ ပေါတယ်။ ကုန်စိမ်းပြောင်းရောင်းရအောင်ကလဲ ဒီနယ်ထွက်လေးတင် ရောင်းလို့ အဆင်မပြေဘူး။ မုံရွာ၊ မန္တလေးကကုန်တွေပါ ညှပ်ရောင်းနိုင်မှတော့။ အဲလို ရောင်းဖို့ရာကလဲ ကိုယ်က သွားဝယ်နိုင်တာ မဟုတ်ဘူး"

"ကိုယ်ရောင်းနေကျ ဘုရားပန်းပဲရောင်းပါကွာ။ ရောင်းရသလောက်ပေါ့။ စားစရိတ်လေးနည်းနည်းဖာလဲ နည်းသလား"

"ညီအစ်မနှစ်ယောက် ကျောင်းစရိတ်ဆိုတော့ တော် အတော်ပင်ပန်းမယ်လေ"

"ငါပင်ပန်းတာ အရေးမဟုတ်ပါဘူးကွာ။ ငါ့သားသမီးတွေပညာတတ်ပြီး လူ့လောကကြီးမှာ တင့်တောင့်တင့်တယ် နေနိုင်ရင် တော်ပါပြီ"

"တော့်သဘောပါပဲ။ ကျုပ်လဲ ကိုယ့်သမီးလေး ဘဝတက်လမ်းကို ဘယ်ပိတ်ပင်ချင်ပ့ါမလဲ"

"တို့တွေငယ်ငယ်က အကြောင်းကြောင်းတွေကြောင့် ပညာမသင်ခဲ့ရဘူး။ ပညာမတတ်တော့ ခွန်အားနဲ့ ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရတယ်။ တို့သားသမီးတွေ တို့လို အဖြစ်မခံနိုင်ပါဘူးမနွယ်ရယ်"

"အေးပါတော် ကျုပ်လဲ ကိုယ့်သားသမီးလေးတွေ ပညာတတ်ကြီးတွေ ဖြစ်စေချင်တာပေါ့"

"အေးပါကွာ သမီးလျှောက်ချင်တဲ့ တက္ကသိုလ် လျှောက်လို့ ပြောလိုက်ပါ"

ဤသို့နှင့်ပင် သမီးအလတ်မသည် သမီးကြီး တက်သော နည်းပညာကောလိပ်မှာပင် ကျောင်းတက်ခဲ့ပြန်ပါသည်။

(၃)

"အဖေ သမီး ဘီတက်ပြီးရင် ဘီအီး ဆက်မတက်တော့ဘူး အလုပ်ဝင်လုပ်တော့မယ်အဖေ"

"ဘီအီးပါတယ်ဆို ငါ့သမီးက ဆက်တက်ပါ။ အဖေတို့ လိုတာ ရှာပေးမှာပေါ့သမီးရဲ့"

"မဟုတ်ဘူးအဖေ။ သမီး ကုမ္ပဏီမှာ ဝင်လုပ်ဖို့ ပြောပြီးပြီ။ အလုပ်လုပ်ပြီး နောက်မှ အဆင်ပြေရင်လဲ ဆက်တက်လို့ရတယ်"

"အဖေတို့အမေတို့ကိုအားနာလို့လား။ အဲလိုတော့ မလုပ်ပါနဲ့သမီးရယ်"

"မဟုတ်ပါဘူးအဖေ သမီး အလုပ်လုပ်ချင်လို့ပါ။ ညီမလေးကျောင်းစရိတ်နဲ့ အခုဆို မောင်လေးကလဲ ကိုးတန်းရောက်လာတော့ သူ့ကိုလဲဘော်ဒါထားရအုံးမှာ။ သမီးလစာကောင်းရင် အိမ်ကို ပြန်ထောက်ချင်လို့ပါနော် အဖေ"

"အေးပါသမီးရယ်။ သမီးက အလုပ်လုပ်ချင်တယ်ဆိုတော့လဲ သမီးသဘောပါပဲ"

"အမေရော သဘောတူရဲ့လား"

"သမီး ဆန္ဒရှိသလိုဆုံးဖြတ်ပါ အမေက ဘာပြောတတ်မှာတုံးအေ"

ဤသို့နှင့် သမီးကြီးမှာ ကုမ္ပဏီတွင် အလုပ်ဝင်လုပ်ရန် ရန်ကုန်သို့ ထွက်သွားလေတော့သည်။

(၄)

ကိုစိုးမောင်တို့လင်မယားမှာ သားသမီးများ ပညာထူးချွန်နေသည်ကိုပင် ဂုဏ်ယူရမလား။ ဝမ်းသာရမလား မပြောတတ်တော့ပါ။ ရွာမှာကျန်ခဲ့သော သူလိုကိုယ်လိုလူများပင် အိမ်ကြီးရခိုင်နှင့် နေနိုင်နေကြပြီ ဖြစ်သည်။ သူတို့မိသားစုမှာတော့ ယခုအချိန်ထိ ကပ်မိုးကပ်ကာ အိမ်ကလေးက မတက်နိုင်သေး။

"အဖေ သမီး ဘီအီးဆက်မတက်တော့ဘူး။ အမလိုပဲ အလုပ်ထွက်လုပ်တော့မယ်။ မောင်လေးကိုပဲ ကျောင်းထားပေးလိုက်ပါ"

"မလုပ်ပါနဲ့ သမီးရယ်။ အဖေက သမီးကြီးကို ကျောင်းဆက်မတက်ခိုင်းခဲ့ရတာတောင် နောင်တရနေတာ။ အဖေ့သားသမီးတွေ အကုန်လုံး ကျောင်းပြီးအောင် ဆက်တက်ကြပါ။ အဖေ သန်သန်မာမာကြီး ရှိပါသေးတယ်"

"အဖေနဲ့အမေ ပင်ပန်းလို့ပါ"

"သားတို့သမီးတို့ ပညာကြိုးစားသင်ယူနေရင် အဖေတို့ပင်ပန်းတာတွေ အလိုလိုပျောက်ကုန်ပါတယ် သမီးရယ်"

ဤသို့နှင့် သမီးလတ်နှင့် သားအငယ် တက္ကသိုလ်ကျောင်းစရိတ်ရရန် ကိုစိုးမောင်မှာအလုပ်များကို ကုန်းရုန်းကာ လုပ်ရပါတော့သည်။

"ကလေးတွေ အိမ်ပြန်လာတုန်း အသားငါးလေး ဝယ်ချက်ကျွေးပါကွာ"

"အေးပါတော်"

"မင်း သားသမီးတွေက ငါ့လိုပဲဟော့ ဟင်းကောင်းတော့ ကြိုက်သကွ"

"မနက်ဖြန် စိန်လည်ဂျာ မဲနှိုက်မှာတော့"

"ဟုတ်လား မဲပေါက်ရင် အဆင်ပြေတာပေါ့ကွာ။ ကလေးတွေပြန်ရင် ငွေကလေး ပြေပြေလည်လည် ပေးနိုင်တာပေါ့"

"ပေါက်ရင်တော့ ဟုတ်တာပေါ့တော်"

"သမီးကြီးလဲ သူ့စရိတ်နဲ့သူ လောက်ရဲ့လားကွာ။ ဖုန်းလေးဘာလေး ဆက်ပြီး မေးမြန်းကြည့်ပါအုံး"

"လောက်မှာပါတော်ရယ်"

စာမျက်နှာ ၂၅ သို့ ➤

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧကအားလုံးစိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၂၉၈၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၂၉၈၈ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊နှမ်းတွေထက် များပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

➤ **စာမျက်နှာ ၂၄ မှအဆက်**

"ဖုန်းဆက်ခကို နှမြောမနေပါနဲ့ကွာ"

"လိုရင် တောင်းမှာပေါ့တော့ မလိုလို့ မတောင်းတာနေမှာပေါ့"

"ကလေးက မိဘတွေ အားနာပြီး မတောင်းရဲမှာစိုးလို့ပါ"

"တော့သမီးက အင်ဂျင်နီယာမကြီးပဲ၊ လခ ကောင်းမှာပါ။ တော်က နေရာတကာ ပူလွန်းတယ်"

"သမီးမိန်းကလေးမို့ပါကွာ"

"ဒါနဲ့ပြောမလို့ဟာ မေ့နေတယ်ကိုစိုးမောင်ရေ၊ ငွေတိုးသမားကလဲ လက်လွှတ်ဆိုတော့ အကြွေးပြန်ကောက်ချင်နေပြီ။ သူတို့ငွေဆုံးမှာကြောက်လို့ထင်ပါရဲ့။ ကိုယ်ကလဲ အပေါင်ပစ္စည်းမှမပေးနိုင်တာကိုး"

"တိုးတိုးပြောပါကွာ ကလေးတွေကြားလို့ အားငယ်နေပါ့မယ်"

"ကလေးတွေ အကြော်ဝယ်သွားတယ် မရှိပါဘူးတော့။ အကြွေးကိစ္စ ဘယ်လိုလုပ်မတုံးဘဲ စဉ်းစားစမ်းပါ"

"ဘယ်တတ်နိုင်မလဲ မနွယ်ရယ်။ သူတို့မနေနိုင်တဲ့အဆုံး အိမ်ဝင်းလေးတစ်ခြမ်းရောင်းပြီး ဆပ်ကြတာပေါ့ကွာ။ အိမ်ဝင်းကျဉ်းတော့လဲ ဘာဖြစ်သေးတုံး။ ကိုယ့် စိုက်ပျိုးစားနေမှာမှ မဟုတ်တာ"

"ကျုပ်တော့ မပြောတတ်ပါဘူးတော်။ တော်ကောင်းသလိုသာ လုပ်ပေတော့"

သူတို့နေသည့် အိမ်ဝင်းတစ်ခြမ်း ရောင်းသည့်အထဲ ပါသွားရပြန်ပြီ။.

(၅)

"မနွယ်ရေ ထမင်းစားမယ်ကွာ ဘာချက်လဲဟေ့"

အလုပ်မှ မောမောနှင့်ပြန်လာသော ကိုစိုးမောင်မှာ ဗိုက်ကလည်း တဂွီဂွီ တဂွမ်ဂွမ်မြည်လို့နေသည်။

"အမဲရိုးလေးနဲ့ ဘူးသီးလေး ချက်ထားတယ်။ သရက်ချဉ်သုပ်၊ ငါးပိထောင်းစပ်စပ်လေးလဲ ထောင်းထားတယ်။ တော် ဆာနေပြီလား နေအုံး ကျုပ် ပြင်ပေးမယ်"

"အေးဟေ့ ဆာနေပြီ။ အမဲရိုးနံ့လေးရတော့ ပိုဆာလာပြီ ခူးလိုက်တော့ မိန်းမရေ စားကြစို့"

မနွယ်မှာ ကိုစိုးမောင်ကို ထမင်းခူးပေးကာ သူ့အတွက်ပါခူး၍ ထမင်းဝိုင်းမှာ ထိုင်လိုက်သည်။

"စားလေမိန်းမ ဘာငိုင်နေတာတုန်း၊ ငါကတော့ သူများအသက်လေးနဲ့မို့လားမသိဘူး၊ စားကောင်းတယ်ကွ"

မနွယ်မှာ ထမင်းကို တို့ကာဆိတ်ကာ စားနေရင်း မြိုသိပ်မထားနိုင်သည့်အဆုံး စကားလုံးများက ပွင့်အံ ထွက်ကျလို့လာသည်။

"တော့သမီး အိမ်ထောင်ပြုတော့မယ်တဲ့"

ဆိုင်းမဆင့် ဗုံမဆင့်ပြောလိုက်သည့် မနွယ်၏စကားသံကြောင့် ကိုစိုးမောင်လက်ထဲတွင် စားမည်ကြံရွယ်နေသော ထမင်းလုတ်မှာ အောက်သို့ဘုတ်ခနဲ ပြုတ်ကျသွားရသည်။လည်ပင်းထဲတွင် ဘာမှမရှိဘဲ နင်နေသဖြင့် ရေနွေးကြမ်းပန်းကန်ကို ကောက်ယူကာ မော့ချလိုက်ရပြန်သည်။

"ဟ ငါ့သမီးက ဘယ်သမီးတုံးကွ"

အလောတကြီး မေးမိပြန်သည်။

"တော့သမီးအကြီးမပေါ့"

"ဟ ဘယ်သူနဲ့တုံးကွာ"

"သူနဲ့ကုမ္ပဏီမှာ အတူတူလုပ်တဲ့ကောင်လေးနဲ့တဲ့"

ကိုစိုးမောင်တစ်ယောက် ကြက်ကြီးလည်လိမ်ထားသလို ဘာစကားမှ ဆက်မဆိုနိုင်။ ပြောလိုသည့်စကားများက လည်ချောင်းဝနားမှာ တစ်ဆို့လို့သာနေသည်။ စားလက်စထမင်းကို လက်စသတ်ကာ ထမင်းဝိုင်းမှ ထထွက်သွားသောကိုစိုးမောင်၏ စကားတစ်ခွန်းကြောင့် နှလုံးသားကို ဆုပ်ညှစ်ခံလိုက်ရသလို နာကျင်သွားရသူမှာ မနွယ်သာ ဖြစ်ပါတော့သည်။

"သူမနေတော့လဲ ယူပါစေပေါ့ကွာ"

(၇)

"ကိုယ့်လမ်းကိုယ် ကြည့်မောင်းစမ်းပါတော်။ တော်က ဘာတွေများတွေးပြီး ပြုံးနေရတာတုံး"

"ဩော်... တို့ကလေးတွေကျောင်းထားခဲ့ရတုန်းက အကြောင်းလေးတွေပေါ့ကွာ။ ခုတော့လဲ ပြန်တွေးကြည့်ရင် ကြည်နူးစရာတောင်ကောင်းနေပါသေးတယ်"

"ကျုပ်တို့ကို စာစုပ်ခံရတယ်လို့ ပြောကြတာ မှတ်မိသေးတော်ရေ"

"တကယ်တော့ စာစုပ်ခံရတာမဟုတ်ဘူး ရင်းနှီးမြှုပ်နှံတာကွ။ တို့သားသမီးတွေရဲ့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံပေးတာ။ တစ်နည်းပြောရရင် ကြွေးမြီသစ် ချပေးတာပေါ့ကွာ"

"ဟုတ်ပတော် ဟုတ်ပ"

"ကလင် ကလင် ကလင်"

"ဟော ဖုန်းလာနေတယ်"

"ဟဲလို သမီးငယ်လား"

"ဟုတ် အမေ မောင်လေးဆီက ငွေပို့လိုက်လို့အမေတို့ဆီလွှဲပေးမလို့။ အဲဒါ အမေတို့ အားတဲ့နေ့ ပြောအုံးနော်"

"အေး အေးသမီး အခုပဲ မမဆီက သစ်သီးဖာပို့လိုက်လို့ ကားဂိတ်ကနေသွားယူလာတာသမီးရေ။ အမေတို့က ဘယ်နေ့ဖြစ်ဖြစ် အားတယ်။ ငါ့သမီး အားတဲ့နေ့သာ လွှဲပေးလိုက်"

"ဟုတ်ကဲ့ အမေ ဒါဆို စနေနေ့ကျမှ လွှဲပေးလိုက်မယ်နော်"

"အေး အေး သမီး"

"အဖေရော ကားမောင်းနေတာလား"

"အေးဟေ့သမီးရေ"

"ကျန်းမာရေးဂရုစိုက်အုံးနော် အဖေနဲ့အမေ လိုတာရှိရင် လှမ်းမှာလိုက် သမီးပို့ပေးမယ်"

"အေးပါသမီးရယ် အဖေတို့ အမေတို့ ပြည့်စုံပါတယ်ကွယ်"

ဖုန်းချသွားသော သမီးလတ်အသံ ပျောက်ကွယ်သွားစဉ်မှာပဲ ကားထဲမှာ ဖွင့်ထားသော သီချင်းသံ ခပ်ငြိမ့်ငြိမ့်က လွင့်ပျံလို့ ထွက်လာသည်။ ချမ်းမြေ့ ချမ်းမြေ့ပါစေ ချမ်းမြေ့ ချမ်းမြေ့ပါစေxxx ဖေဖေလဲ ချမ်းမြေ့ပါစေxxx မေမေလဲချမ်းမြေ့ပါစေxxxသားသမီးလည်းချမ်းမြေ့ပါစေ။

## တပို့တွဲလနဲ့ ယာဂုပွဲ

- ရှေးများပြု နွှဲ မီးပုံပွဲနှင့်
  ယှဉ်တွဲဖော်ပြု မြတ်တစ်ခုကား
  ယာဂု ပွဲခေါ် အလှူတော်။

- စေ့စပ်ဖော်ရာ အစမှာကား
  လေနာခံစား မြတ်ဘုရားမှာ
  ဆွမ်းများခံရန် ယာဂုတန်။

- အရှင်အာနန္ဒာ ယာဂုအစာကို
  ဆွမ်းမှာခံပေး ဘုဉ်းပေးသေးကြောင့်
  ထသေးလေနာ ပျောက်ကင်းလာ။

- မြတ်စွာဘုရား ခွင့်ပြုထားကြောင့်
  ရှေးများအခေါ် ယာဂုလှော်သည်
  ယခုသော်သိစွ ဖော်ကာပြ။

- ခေတ်စကားမှာ ဆန်ပြုတ်သာဟု
  မှတ်ရာတည်သား စုံလင့်များသော
  ချင့်ထားဝင်ပါ အားဖြစ်အစာ။

- ကောက်ညှင်းဆန်ဆီ ဆားနှမ်းသည်နှင့်
  ချင်းမည်အစိမ်း မြေပဲစိမ်းလျဉ်း
  အုန်းစိမ်းသစ်ကြား ပါဝင်ထား။

- ခေတ်သည်ပြောင်းလဲ ယာဂုပွဲကို
  ထမင်းနဲ့ပွဲ ထမနဲပွဲသို့
  သုံးစွဲခေါ်ကြ ထူးခြားလှ။

- မည်သို့ဆိုလည်း ယာဂုပွဲသည်
  ရှေးစွဲခေါ်ကြ အမည်လှမို့
  ခုမျှစာဆို ထူးခြားလိုသည်
  ဖွဲ့ဆိုမပြတ်မြဲ ဆင်ကာနွှဲ။
  ချဲ့လိုထပ်ကဲ အစဉ်သာမြဲ။ ။

**မောင်အောင်ဝေ( ညောင်ခြေထောက်)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# စည်းလုံးညီညွတ်အားမာန်ပြ ထူးမြတ်သာလှတပို့တွဲလ

ကျော်တင့်(ရွှေခရမ်း)

တပို့တွဲလသည် မြန်မာပြက္ခဒိန်၏ ဆယ့်တစ်လမြောက်လဖြစ်သည်။ တပို့တွဲလသည် ရက်ပေါင်း ၂၉ ရက်သာရှိ၍ ရက်မစုံသောလလည်းဖြစ်သည်။ ရာသီအားဖြင့် “ကုံရာသီ” ဖြစ်ပြီး စန်းယှဉ်သောနက္ခတ်မှာ “မာဃနက္ခတ်”ဖြစ်သည်။ ရာသီရုပ်မှာ “အိုးထမ်းယောက်ျား” ဖြစ်၍ တပို့တွဲလ၏ ရာသီပန်းဖြစ်သည့် “ပေါက်ပန်းနှင့်အတူဆူးပန်း၊ လဲပွင့်၊ လက်ပံပွင့်”တို့ ဖူးကြွပွင့်ကြသည့် လရာသီလည်း ဖြစ်သည်။ ဆောင်းဥတုနှောင်းပိုင်းကာလဖြစ်၍ အလွန်ချမ်းအေးသည့် လလည်းဖြစ်သည်။ အချမ်းပိုလှသည့် တပို့တွဲလကို ရှေးစာဆိုတော်ကြီးများက “နှာရည်ယိုရွဲတပို့တွဲ”၊ “တပို့တွဲ ကျွဲချိုဖျားဆတ်ဆတ်ခါ” ဟူ၍ တင်စားရေးသားခဲ့ကြသည်။ တပို့တွဲလဟု ခေါ်ဝေါ်ခြင်းမှာ ထန်းဖူးထန်းခိုင်တို့ အောက်သို့ ကိုင်းညွတ်တွဲအောင် ပြုသောရာသီဖြစ်၍ ထိုသို့ ခေါ်ဝေါ်ခြင်းဟု မှတ်ယူရသည်။ ပုဂံခေတ်ကျောက်စာများတွင် တပို့တွဲလကို တပိုဝ်ထွယ်၊ တပိုဝ်ထွဲ၊ တပိုဝ်တွဲ၊ တပိုဝ်တွယ်၊ တပိုဝ်ထွယ်ဟုရေးထိုးလေ့ရှိကြောင်း တွေ့ရသည်။

**မီးဖုန်း(မီးပုံး)ပွဲ**

တပို့တွဲလသည် ဆောင်းဥတု၏အကုန် နွေဥတုအကူးလဖြစ်ကာအချမ်းပို၍ အလွန်အေးမြသည်။ ဝိနည်းတော်အရ ရဟန်းတို့သည် သာမန်အချိန်များတွင် မီးမလှုံရပေ။ မီးလှုံခြင်းကြောင့် အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်စေခြင်း၊ မီးနှင့်မျက်စိမသင့်ခြင်းတို့ကြောင့် သာမန်အားဖြင့် အေးချမ်းသောရာသီအခါများ၌ ရဟန်းတို့မီးမလှုံရသော်လည်း တပို့တွဲလသည် အလွန်အေးမြသောကြောင့် ထိုရက်များအတွင်း ရဟန်းများကို မီးလှုံရန်ခွင့်ပြုတော်မူရုံမျှမက ဘုရားရှင်ကိုယ်တော်တိုင်လည်း ရွှေလက်တော်ကို မီးကင်တော်မူသည်။ ထိုသို့ မြတ်စွာဘုရားရှင်ရွှေလက်တော် မီးကင်တော်မူသည်ကို အကြောင်းပြု၍ စာဆိုတော်ဦးကြော့က “ရွှေယုဂန်နန်းချိုမြ၊ စန်းခိုခလျှံလှူ၊ ချမ်းစိမ့်မျှစုံမတူသည်၊ သယမ္ဘူသော်မှ၊ မီးမယ်ဖျူး ရွှေလက်ကင်သည်၊ ရေစက်သွင်အေးတဲ့သည်လ”ဟု ရေးဖွဲ့စပ်ဆိုခဲ့သည်။

ဤအကြောင်းကိုအစွဲပြု၍ တပို့တွဲလတွင် မီးဖုန်းပွဲ(မီးပုံပွဲ) သဘင် ဆင်ယင်ကျင်းပခဲ့သည်။ မီးပုံဟူသောအသုံးအနှုန်းမှာ အရပ်စကားဖြစ်ပြီး စာပေအမှတ်အသားတွင်မူ မီးဖုန်းသဘင်ဟု ရေးသားကြသည်။ ပုဂံ၊ ပင်းယ၊ အင်းဝခေတ်တို့တွင် မီးဖုန်းပွဲဟု ရေးသားခဲ့ကြသော်လည်း ခေတ်ကာလပြောင်းလဲလာသောအခါ မီးဖုန်း၊ မီးပုန်း၊ မီးပုံး၊ မီးပုံဟု အမျိုးမျိုးပြောင်းလဲရေးသားကြသည်။ အလှူရှင်တို့သည် မီးဖုန်းပွဲကို ကျင်းပရန် အလို့ငှာ တောသို့တက်၍ နံ့သာ၊ ထင်းများကို လှူစုလှူဝေးနှင့် ခုတ်ကြပြီးလျှင် ထင်းများကို စုပုံမီးရှို့၍ ဘုရားကျောင်း၊ တန်ဆောင်းတို့၌ အပူဓာတ်ကို လှူဒါန်းပူဇော်ကြသည်။ အချို့ကလည်း မီးလင်းဖို၌ အမွှေးနံ့သာထင်းများကိုထည့်၍ မီးဖိုကာ ပူဇော်ကြသည်။ တပို့တွဲလတွင် မီးဖုန်းထင်းများ လှူဒါန်းလေ့ရှိကြောင်းကို ကုန်းဘောင်မဟာရာဇဝင်တော်ကြီးတတိယတွဲတွင် “တပို့တွဲလ၊ ပန္နရသီ၊ တိထိထွန်းစည့်၊ လပြည့်နေ့အခါဝယ်၊ ခြောက်ပါးရောင်လက်၊ ဝင့်တိုင်းစက်သောဆဒ္ဒန္တ ပြောင်မုန်ဝပင်၊ အေးမြသောအစွယ်ရှိသည်ဖြစ်၍ သုံးလှူထွက်ထားမြတ်ဘုရားလျှင် လေးပါးသော မဟာဘူတမျှစေရန် မီးရှိန်ခံတော်မူသည်ကို ရည်ပြီးလျှင် (လ) မီးဖုန်းတော်များကို လှူဒါန်းပူဇော်တော်မူသည်” ဟု ရေးသားထားသည်ကို တွေ့ရသည်။

**တပို့တွဲလထမနဲပွဲ**

တပို့တွဲလတွင် ကျင်းပသော ရာသီပွဲတော်မှာ ထမနဲပွဲတော်ဖြစ်သည်။ ထမနဲပွဲသည် ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်းစသည့် သီးနှံအသစ်များပေါ်ချိန်တွင် ထမနဲထိုး၍ လှူဒါန်းသောပွဲတော်ဖြစ်သည်။ မြန်မာတို့၏ ကောက်သစ်စားပွဲတော်ဟုလည်း ဆိုနိုင်သည်။



ကုန်းဘောင်ခေတ်စာဆိုဦးပုညက “လေ့ခအလှူခံ မေတ္တာစာ” ရေးသားခဲ့ရာတွင် “ယာဂုထမနဲ၊ အိုးကြီးကွဲခါမှ၊ စွန့်ကြသည့် ဒါနလည်း နိဗ္ဗာန်လမဆိုသာ၊ စေတနာဇောသန်၍၊ သမုဋ္ဌာန်လွန်ကဲလျှင်၊ အိုးကွဲမှ စွန့်လှူသည်၊ ထိုသူတို့ကုသိုလ်လည်း မဂ်ဖိုကေန် ရပေမည်” ဟူ၍ ဆိုထားသည်။ ဆန်ကို ကျိုချက်သောယာဂုနှင့် ကောက်ညှင်းနှင့် ပြုလုပ်သော ထမနဲများကို အတူတကွလှူဒါန်းကြခြင်းဖြစ်သည်။

ရှေးအခါက မြတ်စွာဘုရားရှင်သည် များစွာသော သံဃာတော်တို့နှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာတွင် ဇနပုဒ်၌ နေသောသူတို့က ဆန်၊ ဆီ၊ ဆား၊ ဆေး စသော လှူဖွယ်ဝတ္ထုတို့ကို လှည်းတွင်တင်၍ မြတ်စွာဘုရားရှင်ကြွချီရာသို့ လိုက်လံပြီးလျှင် ဆွမ်းဘောဇဉ်အာဟာရတို့ကို ကပ်လှူပူဇော်ကြလေသည်။ ပုဏ္ဏားတစ်ယောက်သည် လှူခွင့်အလှည့် မရောက်နိုင်သောကြောင့် ရှင်အာနန္ဒာမှတစ်ဆင့် ဘုရားရှင်အားယာဂုနှင့်တကွ ပျားသကာမုန့်ချိုတို့ကို ကပ်လှူခွင့်တောင်းရာ မြတ်စွာဘုရားကသည်းခံခွင့်ပြုသည်မှစ၍ ယာဂုလှူပွဲအစဉ်အလာပေါ်ပေါက်လာရသည်ဟု ဆိုသည်။

မြန်မာဘုရင် မင်းတုန်းမင်းလက်ထက်တွင် ယာဂုအလှူပွဲအကြောင်းကို ကုန်းဘောင်မင်းဆက် မဟာရာဇဝင်ကြီး၌ ရွှေမြို့တော်လေးပြင်လေးရပ်၊ တရုတ် အိန္ဒိယလူမျိုးခြားမှစ၍ တိုင်းသူပြည်သားအားလုံးတို့သည် လူတစ်ကိုယ် ဆန်တစ်စလယ်ကျစုဆောင်း၍ ယာဂုကြိုရာ ယင်းယာဂု၌ ကောက်ညှင်း၊ ဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး စသည်တို့ကို ထည့်၍ ကျိုရသည်ဟုသိရသည်။ မီးဖုန်းပွဲကျင်းပသည့် တပို့တွဲလတွင် မြတ်စွာဘုရားရှင်ကိုယာဂုကပ်လှူရာမှ တစ်ဆင့်ပြီးတစ်ဆင့် ထမနဲဟူ၍ ပြောင်းလဲလာခြင်းဖြစ်သည်ဟုလည်း ယူဆနိုင်သလို ယာဂုကျိုပြီး လှူဒါန်းသည့် အလေ့အထမှတစ်ဆင့်ကျိုသည့် အဓိပ္ပာယ်နှင့်ဆင်တူသော နဲခြင်း၊ ထိုမှနဲခြင်း၊ ထမင်းနဲ၊ ထမနဲဟူ၍ ရွေ့လျားလာကြောင်း တွေ့ရသည်။ ယခုအခါ မီးပုံပူဇော်ပွဲနှင့် ယာဂုအလှူပွဲတော်များအစား ထမနဲပွဲများ အစားထိုးဝင်ရောက်လာပြီဖြစ်သည်။ အချို့ ထမနဲမှာ နှမ်းကို ပိုပိုသာသာထည့်ခြင်းကြောင့် နှမ်းမနဲဟူ၍ လည်း ခေါ်ကြသည်။

အလွန်အေးသော တပို့တွဲလတွင် အအေးဒဏ်ကို ကာကွယ်နိုင်ရန် ရာသီစာဖြစ်သောထမနဲစားခြင်းဖြင့် အာဟာရပေး နွေးထွေးကာကွယ်ခြင်းပင်ဖြစ်သည်။ ဆီအိစေသော အပူဓာတထမနဲကို စားသုံးခြင်းဖြင့် အဆီခန်းခြောက်ခြင်းနှင့် အအေးဒဏ်ကာကွယ်ခြင်းတို့အပြင် အာဟာရပြည့်ဝမှုကိုလည်း ပေးစွမ်းသည်။ တပို့တွဲလရာသီတွင် ရပ်ကွက်များ၊ လမ်းများတွင် စုပေါင်း၍ မိသားစုအလိုက်ဖြစ်စေ၊ မိတ်ဆွေအပေါင်းအစုအဖွဲ့ လိုက်ဖြစ်စေ ထမနဲထိုးခြင်း၊ ထမနဲလှူဒါန်းခြင်းတို့ကို လုပ်ဆောင်ကြသည်။ ထမနဲထိုးပြိုင်ပွဲများတွင် အားကောင်းမောင်းသန်ယောက်ျားကြီးများပါဝင်၍ ဘေးမှပရိသတ်က အိုးစည်၊ ဒိုးပတ်များတီးကာ ပျော်ရွှင်စွာ အားပေးကြသည်။ ထမနဲထိုးရာတွင် တစ်ယောက်တစ်လက်ဖြင့် စုပေါင်းအင်အားပြနိုင်မှသာ ထမနဲကောင်းရရှိနိုင်သည်။

တပို့တွဲလ ထမနဲနှင့်ပတ်သက်ပြီး မန်လည်ဆရာတော်ဘုရားကြီးမှ ထမနဲထိုးနည်းစာချိုးကို ယခုလို ရေးဖွဲ့ခဲ့ပါသည်-

“ထမနဲထိုးရန် စာချိုးလို့မှာခဲ့မယ်
တစ်ဆိတ်ကောက်ညှင်းရယ်နှင့်
တစ်ပိဿာဆီအမှန်သွင်းပါလို့
ချင်းကသုံးဆယ်၊ မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့်
အုန်းသီးဆံအကူဖက်ပါလို့
နှမ်းမပျက် ဤနည်းနှယ်၊ ရေစင်ထည့်ရိုးလက်
နှစ်သစ်ကယ်ပ
တွက်ဆစ်ကာဆားချိန် တစ်ဆယ်သားရယ်နဲ့
ရောနှောကာလူအများတို့အားသစ်လို့ထိုး”ဟူ၍

ကောက်ညှင်းဆန်လေးပြည်၊ ဆီတစ်ပိဿာ၊ ချင်းစိမ်း ၃၀ ကျပ်သား၊ မြေပဲဖြူအဆန် တစ်ခွက် ၅၀ ကျပ်သားကို နှမ်း၊ အုန်းသီးစိတ်၊ ဆားတို့ဖြင့် မျှတအောင် ထည့်ပြီး ဒယ်အိုးတွင် နှံ့အောင်မွှေ၍ ထမနဲကောင်း၏ အချိုးအစားမှန်ကန်ရန် လိုအပ်ပုံကို ဖော်ကျူးထားသလို အရသာကောင်းမွန်စေရန် အများစုပေါင်း၍ ညီညွတ်စွာ အားမာန်အပြည့်ဖြင့် ထိုးကြရမည်ဟု ဆိုထားသည်။

ထမနဲထိုးခြင်းသည် လူအများစုစည်းကာ အားကောင်းမောင်းသန်စွာဖြင့် ထိုးရပြီး စီးကပ်နေသည့် ထမနဲသည် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတဖြစ်သကဲ့သို့ ထမနဲ၏ အရသာကောင်းခြင်းသည်လည်း စည်းလုံးညီညွတ်ခြင်း၏ အောင်မြင်မှုပြယုဂ်ပင်ဖြစ်သည်။ ထမနဲထိုးခြင်းမှ စည်းလုံးညီညွတ်ခြင်း၊ အချိုးအစားကျနှ ဟန်ချက်ညီခြင်း၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ မိမိကျရာတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ်တိုးပွားလာခြင်းစသည့် အကျိုးကျေးဇူးများကို ရသည်။ “တပို့တွဲလ ထမနဲပွဲ” ဟူသော စကားကဲ့သို့ ထမနဲပွဲသည် တပို့တွဲလ၏ ပုံရိပ်သင်္ကေတလည်းဖြစ်ပြီး “ထမနဲ” ဟုဆိုသည်နှင့် တစ်ပြိုင်နက် တပို့တွဲလနှင့် တွဲဖက်မြင်ယောင်ကြသည်။

တပို့တွဲလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသည့် လမြတ်အဖြစ်လည်း ပါဝင်နေသည်။ တပို့တွဲလပြည့်နေ့သည် အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့ဖြစ်ခြင်း၊ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် ဧတဒဂ်ရသောနေ့ဖြစ်ခြင်း၊ အင်္ဂါလေးရပ်နှင့် ပြည့်စုံသောရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်းကဲ့သို့သော လောကုတ္တရာဆိုင်ရာ ထူးခြားမှုများလည်းရှိသည်။ တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့ဟု ခေါ်ဆိုကြသည်။ ပါတိမောက်ဟူသည် ဘုရားရှင် အဆုံးအမဩဝါဒနှင့်အညီ ပညတ်တော်မူအပ်သောသိက္ခာပုဒ်များဖြစ်သည်။ ပါတိမောက်တွင် ဩဝါဒပါတိမောက်နှင့် အာဏာပါတိမောက်ဟူ၍ နှစ်မျိုးရှိရာ ဘုရားရှင်သည် ဩဝါဒပါတိမောက်ကို သာပြခွင့်ရှိသည်။ ဩဝါဒပါတိမောက်ဂါထာသည် သီလ၊ သမာဓိ၊ ပညာကို ဟောကြားခြင်းဖြစ်၍ ပိဋကသုံးပုံ၏ အနှစ်ချုပ်ဟုလည်း ခေါ်သည်။ မြတ်စွာဘုရားလက်ထက်တော် တပို့တွဲလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ ရဟန္တာပေါင်း ၁၂၅၀ တက်ရောက်သော ပထမဆုံးသံဃာ အစည်းအဝေးကို ကျင်းပကာ ဘုရားအဆူဆူ၏ ဆုံးမဩဝါဒပါတိမောက်ကို ဟောကြားခဲ့ခြင်းဖြစ်သည်။

တပို့တွဲလသည် စုပေါင်းထမနဲထိုးပွဲများ ကျင်းပခြင်းဖြင့် မြန်မာတို့၏ စေတနာထက်သန်မှု၊ စည်းလုံးညီညွတ်မှုအားမာန်နှင့် ပျော်ရွှင်ဖွယ်ရာရိုးရာဓလေ့ကို မြင်တွေ့ရသည့် လတစ်လဖြစ်သကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်စူးရည်မှန်း၍ ပူဇော်သော အလှူပွဲများကျင်းပသည့် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသည့် လမြတ်လည်းဖြစ်သည်။ ထိုသို့ မြန်မာ့ယဉ်ကျေးမှုပြယုဂ်ဖြစ်သည့် တပို့တွဲလ၏ ရိုးရာပွဲတော်များ၊ ဓလေ့ထုံးတမ်းများနှင့် ယုံကြည်ကိုးကွယ်မှုအစဉ်အလာ များကို မပျောက်ပျက်စေရန် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ပါသည်။

**ကိုးကား**

- ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ် - လှသမိန်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၄၉၃ ကေ စိုက်ပျိုးပြီးစီး လျာထားကေပြည့်မီအောင် ဆောင်ရွက်လျက်ရှိ



**ယင်းမာပင် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၈၄၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံကေ ၁၀၈၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၄၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံကေ ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဂျုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၁၄၁ ကေ၊ ကနီမြို့နယ်တွင် ၈၅၁ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၂၈၄၁ ကေ၊ ပုလဲမြို့နယ်တွင် ကေ ၆၆၀ စုစုပေါင်း ၈၄၉၃ ကေဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ကေ ၃၈၅၀၊ ကနီမြို့နယ်တွင် ကေ ၈၁၀၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၅၈၄၀၊ ပုလဲမြို့နယ်တွင် ကေ ၃၅၀ စုစုပေါင်း ၁၀၈၅၀ ကေဖြစ်ကြောင်း သိရသည်။

ဂျုံသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် ဂျုံသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်သာမြို့နယ် ကျူချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြင်းခြံ ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ကွက်ကြီးကျေးရွာအုပ်စု ကျူချောင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်း၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျူချောင်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြင်းခြံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၁၅၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်မှစတင်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ငါးရံ့ခြောက် ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ခြောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်နှင့် အခြားဒေသများက ဝယ်လိုအားကောင်းနေခြင်းကြောင့်တင်ပို့မှုအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ကျိုက်လတ်မြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ဇန်နဝါရီလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိ ဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ဈေးကတော့ ငါးခြောက် အကြီး၊ အသေးအပေါ်မူတည်တာပေါ့။ အခုလို အရောင်းအဝယ် ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ ငါးခြောက်သိုလှောင်ထားသူတွေ အဆင်ပြေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။



အဆိုပါ ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ငါးရံ့ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျိုက်လတ်မြို့နယ် ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဖြူးမြို့နယ် ရေအိုးစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဖြူး ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆီထွက်သီးနှံစိုက်ပျိုးသော လုပ်ကွက်ငယ်တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့နှင့်သွင်းအားစုများအတွက် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ရေအိုးစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေအိုးစင်ကျေးရွာ၌ နေကြာအပါအဝင် နှမ်း၊ မြေပဲနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထားမှု အခြေအနေများ၊ လစဉ်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ် ရေအိုးစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)မှ အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၃၁၄ သိန်း ထုတ်ချေးပေးထားပြီး နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

**ကိုညို**

# ထန်းတပင်မြို့နယ် ကန့်လန့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ထန်းတပင် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကန့်လန့်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာသော ချေးငွေများပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေးက လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်စန်းစန်းမော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကန့်လန့်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကန့်လန့်ကုန်းကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၂၁ဦးကို ရန်ပုံငွေကျပ်သိန်း ၂၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# အရှေ့တောင်အာရှနိုင်ငံများ၏လက်နက်အရင်းအမြစ်များ ပြောင်းလဲလာနိုင်မှုအလားအလာ

အရှေ့တောင်အာရှဒေသတွင် ကမ္ဘာ့အခြားဒေသများကဲ့သို့ စစ်ဖြစ်ပွားနိုင်သည့်ပဋိပက္ခများ အစဉ်အမြဲတည်ရှိမှုမရှိသော်လည်း ဒေသတွင်းနိုင်ငံများသည် နိုင်ငံ၏အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် စစ်လက်နက်ပစ္စည်းများကို ပုံမှန်ဖြည့်တင်းဆောင်ရွက်လျက်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံများသည် လက်နက်များဝယ်ယူမှုနှင့်ပတ်သက်၍ ၂၀၀၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံကျော်အသုံးပြုခဲ့သည်။

**ရုရှားနိုင်ငံ၏ရောင်းချမှုများ**

ဗီယက်နမ်သည် ၂၀၀၅ ခုနှစ်ကတည်းက ရုရှားထုတ် စစ်လက်နက်ပစ္စည်းများကို ဒေါ်လာ ခြောက်ဘီလီယံဖိုးဝယ်ယူခဲ့ပြီး ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၆ ခုနှစ်ကြားတွင် ရုရှားနိုင်ငံမှ စစ်လက်နက်ပစ္စည်း ၈၀ ရာခိုင်နှုန်းခန့် ဝယ်ယူခဲ့သည်။ အာဆီယံနိုင်ငံများကဝယ်ယူသည့် စစ်လက်နက်ပစ္စည်းများတွင် တိုက်လေယာဉ်နှင့်ဆက်စပ်လက်နက်များ၊ လေ့ကျင့်ရေးလေယာဉ်များ၊ တိုက်ခိုက်ရေးရေငုပ်သင်္ဘောများ၊ ရဟတ်ယာဉ်များနှင့် စစ်ရေယာဉ်များပါဝင်သည်။ မလေးရှား၊ အင်ဒိုနီးရှားတို့သည်လည်း တိုက်လေယာဉ်များ၊ တင့်ကားများ၊ အကြီးစားသယ်ယူပို့ဆောင်ရေးလေယာဉ်များ ဝယ်ယူကြသည်။

စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာန (SIPRI) မှ အချက်အလက်များအရ ၂၀၁၉ ခုနှစ်ထိ ရုရှားထုတ် စစ်လက်နက်ပစ္စည်းများကို ဒေသတွင်းနိုင်ငံများက ကောင်းစွာလက်ခံရရှိခဲ့သည်။ ရုရှားလက်နက်များ၏ ကျော်ကြားမှုသည် အနောက်နိုင်ငံများမှ ပံ့ပိုးရောင်းချသော ပစ္စည်းများထက် နိုင်ငံရေးအရ စည်းကမ်းသတ်မှတ်ချက်နည်းသည်ဟူသောခံယူချက်ဖြင့် ပုံဖော်ထားခြင်းဖြစ်ပြီး ၎င်းတို့သည် ကာကွယ်ရေးမူဝါဒနှင့်ပတ်သက်၍ ပိုမိုလွတ်လပ်စွာကြိုးပမ်းသည့်နိုင်ငံများကို ဆွဲဆောင်မှုဖြစ်စေသည်။

သို့သော်လည်း နောက်ပိုင်းနှစ်များတွင် ရုရှားနိုင်ငံ၏ ဒေသတွင်းလက်နက်ဈေးကွက်ဝေစုသည် ကျဆင်းသွားခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အမေရိကန်သည် ရုရှားထံမှ လက်နက်များရယူသော မည်သည့်နိုင်ငံကိုမဆို ဒဏ်ခတ်အရေးယူမှုများဖြစ်ပေါ်စေနိုင်သည့် ပိတ်ဆို့အရေးယူမှုဖြင့် တန်ပြန်သည့်အက်ဥပဒေကို ထုတ်ပြန်ခဲ့သည်။ ၎င်းဥပဒေကြောင့် ဥပမာအားဖြင့် အင်ဒိုနီးရှားသည် Rafaleနှင့် F-15EX ကဲ့သို့သော ရုရှားထုတ်မဟုတ်သည့် တိုက်ခိုက်ရေးလေယာဉ်များကိုဝယ်ယူရန် ရွေးချယ်ခဲ့သည်ထိ သက်ရောက်မှုဖြစ်ခဲ့သည်။

ရုရှားထုတ်စက်ပစ္စည်းများသည် ပြုပြင်ထိန်းသိမ်းမှုစရိတ်ကြီးမြင့်သည်။ ၎င်းအချက်ကို ရုရှားနိုင်ငံထုတ် တိုက်ခိုက်ရေးလေယာဉ် ၂၈ စင်းအနက် လေးစင်းသာပျံသန်းနိုင်သည်ဟု မလေးရှားနိုင်ငံက ကြေညာ၍ထောက်ပြခဲ့သည်။

သို့သော်လည်း ရုရှားနိုင်ငံ၏ ဈေးကွက်ဝေစုကျဆင်းမှုသည် ရုရှားထုတ် စစ်လက်နက်ပစ္စည်းများအတွက် ပံ့ပိုးရေးကွင်းဆက်ကို ကန့်သတ်မှုဖြစ်စေသည့် ယူကရိန်းနှင့် ပဋိပက္ခဖြစ်ပွားခြင်းကြောင့်လည်းဖြစ်သည်။ ဥပမာ ဗီယက်နမ်သည် ၎င်း၏ လက်နက်ပံ့ပိုးမှုအရင်းအမြစ်ကို ကွဲပြားစေရန် စိတ်အားထက်သန်လျက်ရှိနေသည်။

**အမေရိကန်နိုင်ငံ၏ရောင်းချမှုများ**

အမေရိကန်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအတွက် အထင်ရှားဆုံးလက်နက်ပံ့ပိုးသူများအနက်မှ တစ်နိုင်ငံဖြစ်သည်။ အမေရိကန်သည် တိုက်ခိုက်ရေးလေယာဉ်များ၊ ရေတပ်သင်္ဘောများနှင့် အဆင့်မြင့်ဒုံးကျည်စနစ်များအပါအဝင် ကျယ်ပြန့်သောစစ်လက်နက်ပစ္စည်းများကို ပံ့ပိုးပေးလျက်ရှိသည်။ အရှေ့တောင်အာရှသို့ လက်နက်ရောင်းချမှုသည် အင်ဒို-ပစိဖိတ်ဒေသတွင် ဩဇာဆက်လက်ထိန်းသိမ်းရန်၊ တရုတ်နိုင်ငံ၏ကြီးထွားလာနေသော ဩဇာလွှမ်းမိုးမှုကိုတန်ပြန်ရန်နှင့် ဒေသတွင်းတည်ငြိမ်မှုကို အားကောင်းစေခြင်းကဲ့သို့သော မဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများနှင့် ဆက်စပ်လျက်ရှိနေသည်။

ကျွန်းနိုင်ငံများ၏ ဝယ်ယူမှုများသည် F-15E တိုက်ခိုက်ရေးလေယာဉ်များနှင့် ဝေဟင်မှဝေဟင် ပစ်ဒုံးကျည်နှင့် ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်များ ကဲ့သို့သော ဝေဟင်ပိုင်နက်အပေါ် အာရုံစိုက်လေ့ရှိသည်။ အင်ဒိုနီးရှားက အမေရိကန်ထုတ် စစ်လက်နက်ပစ္စည်းများဝယ်ယူမှုသည် ပိုမိုကျယ်ပြန့်ပြီး ၎င်း၏သံချပ်ကာယာဉ်များနှင့် စစ်သင်္ဘောများအတွက် အင်ဂျင်များကဲ့သို့သော ကြည်း၊ ရေ၊ လေ နယ်ပယ်အားလုံးကို လွှမ်းခြုံထားသည်။

သို့သော်လည်း ပံ့ပိုးရေးနှင့်ဝယ်လိုအားများသည် အရှေ့တောင်အာရှသို့အမေရိကန်ထုတ်စစ်လက်နက်ပစ္စည်းများရောင်းချမှုကိုလည်း ကန့်သတ်နိုင်သည်။ ပံ့ပိုးရေးဘက်တွင် အမေရိကန်သည် ၎င်း၏အဆင့်မြင့်နည်းပညာကို ကာကွယ်ရန်အတွက် သတိကြီးစွာထားလျက်ရှိပြီး ၎င်း၏ယုံကြည်ရဆုံးသော မိတ်ဖက်များသို့သာ နည်းပညာမြင့် စစ်လက်နက်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိသည်။ ဥပမာအားဖြင့် အမေရိကန်သည် F-35 တိုက်ခိုက်ရေးလေယာဉ် ၁၂ စင်းဝယ်ယူရန် စင်ကာပူ၏ တောင်းဆိုချက်ကို လက်ခံခဲ့သော်လည်း ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ထံမှ တောင်းဆိုမှုကို ငြင်းပယ်ခဲ့သည်။

ဝယ်လိုအားဘက်တွင် အလားအလာရှိသော ဒေသတွင်းဝယ်လက်များကို တန်ဖိုးကြီးသော အမေရိကန်ထုတ် စစ်လက်နက်ပစ္စည်းများ၊ စည်းကမ်း သတ်မှတ်ချက်များနှင့် ကန့်သတ်ချက်များ အများအပြားက ဟန့်တားလျက်ရှိသည်။ အမေရိကန်က မည်သည့်ရောင်းချမှုကိုမဆို ၎င်းနှင့်ပူးတွဲလုပ်ဆောင်ကာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဆိုးရွားလာပါက ပိတ်ဆို့အရေးယူမှု ချမှတ်နိုင်ဖွယ်ရှိသည်။ လက်နက်ဝယ်ယူမှုမတူကွဲပြားမှုကို အကြောင်းပြရန်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၉၉ မှ ၂၀၀၅ ခုနှစ်အတွင်း အမေရိကန်မှချမှတ်ခဲ့သော လက်နက်ပိတ်ဆို့မှုများကို အင်ဒိုနီးရှားကာကွယ်ရေးအရာရှိများက မကြာခဏပြန်လည်သတိရလေ့ရှိသည်။ လူ့အခွင့်အရေးအငြင်းပွားမှုများကြောင့် ကမ္ဘောဒီးယားသို့ စစ်ရေးအကူအညီများရပ်ဆိုင်းရန် အမေရိကန်၏ ဆုံးဖြတ်ချက်ကို ၂၀၁၀ ပြည့်နှစ်တွင်လည်း ဒေသတွင်း၌ အမှတ်ရစေသည်။



တောင်ကိုရီးယားနိုင်ငံထုတ် T-50TH တိုက်လေယာဉ်ကို တွေ့ရစဉ်။

**တရုတ်နိုင်ငံ၏ရောင်းချမှုများ**

အရှေ့တောင်အာရှတွင် တရုတ်နိုင်ငံ၏ ရှယ်ယာသည် လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်းတိုးလာခဲ့သည်။ တရုတ်နိုင်ငံအတွက် ဒေသတွင်းတွင် အမေရိကန်၏ လုံခြုံရေးအခန်းကဏ္ဍကိုပျော့ပျောင်းစေရန် လက်နက်ရောင်းချမှုကိုအသုံးပြုလျက်ရှိသည်။ အဓိကအချက်မှာ ထိုင်းနိုင်ငံသို့ တရုတ်နိုင်ငံက လက်နက်များရောင်းချခြင်းဖြစ်သည်။ ၎င်းသည် အမေရိကန်၏ မဟာမိတ်နိုင်ငံဖြစ်သော်လည်း ထိုင်းနိုင်ငံသည် တင့်ကားများနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကဲ့သို့သော စစ်လက်နက်ပစ္စည်းများဝယ်ယူရန် တရုတ်နိုင်ငံသို့ လှည့်လာခဲ့သည်။ အမှန်တကယ်တွင် ထိုင်းနိုင်ငံက တရုတ်နိုင်ငံမှ ဝယ်ယူသည့်လက်နက်သည် တန်ဖိုးအရ အမေရိကန်ထံမှ ဝယ်ယူမှုထက် ပိုများလျက်ရှိသည်။

ထိုင်းနိုင်ငံအနေဖြင့် ၁၉၈၀ ပြည့်နှစ်ကတည်းက တရုတ်နိုင်ငံမှစစ်လက်နက်ပစ္စည်းများ ဝယ်ယူရရှိမှုကိုလေ့လာတွေ့ရှိနိုင်သည်။ ၁၉၈၀ ပြည့်နှစ်တွင် တင့်ကားများ၊ သံချပ်ကာလူသယ်ယာဉ်နှင့် ရှေ့ကက်လောင်ချာများ ရောင်းချပေးခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ထိုင်းကြည်းတပ်သို့ Type-69 တင့်ကား၊ Type-85 သံချပ်ကာလူသယ်ယာဉ်၊ Type-81/83/85 အတွဲလိုက် ဒုံးပစ်လောင်ချာတို့ ရောင်းချပေးခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် HN-5A ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးလက်နက်၊ ထိုင်းရေတပ်အတွက် Jianghu-class နှင့် Naresuan-class ဖရီးဂိတ်စစ်ရေယာဉ်၊ C-801 ရေယာဉ်ဖျက်ဒုံးတို့ ရောင်းချခဲ့သည်။ ၂၀၀၂ ခုနှစ် တွင် Pattini-class ကမ်းဝေးကင်းလှည့်ရေယာဉ်၊ ၂၀၀၇ ခုနှစ်တွင် ရေတပ်သို့ C-802 ရေယာဉ်ဖျက်ဒုံး၊ QW-18 ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးလက်နက်၊ WS-1B ယာဉ်တင် အတွဲလိုက်ဒုံးပစ်လောင်ချာတို့ကို ရောင်းချပေးခဲ့သည်။

၂၀၁၄ ခုနှစ်တွင်လည်း ထိုင်းနိုင်ငံ၌ အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ရောင်းချမှုများကို သိသာထင်ရှားစွာတွေ့ရှိရသည်။ ၂၀၁၅ ခုနှစ်တွင် ထိုင်းကြည်းတပ်သို့ BL904A အမြောက် တည်နေရာပြရေဒါကိုရောင်းချခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ထိုင်းလေတပ်သို့ KS-1C တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးစနစ် ရောင်းချခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ထိုင်းကြည်းတပ်သို့ VT-4 ပင်မတိုက်ပွဲဝင်တင့်ကားများ ရောင်းချခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် S-26T ဒီဇယ်-လျှပ်စစ်သုံးရေငုပ်သင်္ဘောသုံးစီးကို ရောင်းချထားပြီး အင်ဂျင်ပြဿနာကြောင့် ညှိနှိုင်းမှုများဆက်လက်လုပ်ဆောင်ဆဲဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ထိုင်းကြည်းတပ်သို့ ZBL-09 သံချပ်ကာယာဉ်များကို ရောင်းချခဲ့သည်။

တရုတ်နိုင်ငံသည် လက်နက်ငယ်များ၊ အမြောက်စနစ်များ၊ သံချပ်ကာယာဉ်များနှင့် ရေတပ်သင်္ဘောများအပါအဝင် ကမ္ဘောဒီးယားနိုင်ငံသို့စစ်လက်နက်ပစ္စည်းမျိုးစုံကို ပံ့ပိုးပေးလျက်ရှိသည်။ ၎င်းဝယ်ယူမှုများသည် ကမ္ဘောဒီးယား၏ကာကွယ်ရေးကြိုးပမ်းမှုများကို အထောက်အကူဖြစ်စေပြီး ၎င်း၏ကာကွယ်ရေးစွမ်းအားကိုမြှင့်တင်ရန်နှင့် လုံခြုံရေးခြိမ်းခြောက်မှုများကို ပိုမိုထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံ၏စစ်ဘက် နည်းပညာပံ့ပိုးမှုတွင် အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာပံ့ပိုးကူညီမှုများလည်း ပါဝင်ပြီး စစ်ဆင်ရေးဆိုင်ရာအသင့်ဖြစ်မှုနှင့် စက်ပစ္စည်းများ၏ သက်တမ်းကြာရှည်မှုတို့ကို အာမခံထားသည်ဟု လေ့လာသိရှိသူများကဆိုသည်။

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများသို့ လက်နက်များပိုမိုရောင်းချရန်ကြိုးပမ်းရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ တောင်တရုတ်ပင်လယ်တွင် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့၏နယ်မြေအငြင်းပွားမှုများရှိနေသည်။ ထို့ပြင် ၂၀၁၇ ခုနှစ်တွင် တရုတ်ထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်အသုံးပြုလျက်ရှိသော အင်ဒိုနီးရှားတပ်ဖွဲ့ဝင် အများအပြားသေဆုံးမှုကြောင့် ၎င်း၏ ပြည်ပတင်ပို့သည့် စစ်လက်နက်ပစ္စည်းမှုကွဲများနှင့်ပတ်သက်၍ သံသယရှိမှုများလည်းရှိနေသည်။

အချုပ်အားဖြင့်ဆိုရလျှင် အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် ကာကွယ်ရေးစွမ်းအားတည်ဆောက်ရာတွင် ပြည်ပလုပ်စစ်လက်နက်ပစ္စည်းများကို အဓိကမှီခိုရလျက်ရှိပြီး ၎င်းအတွက် စိုးရိမ်မှုများရင်ဆိုင်ရလျက်ရှိသည်။ အမေရိကန်နိုင်ငံမှ ဝယ်ယူလျှင် နိုင်ငံရေးအရ ကန့်သတ်ချက်များနှင့် အပိုပစ္စည်းအတွက် စိတ်မချရမှုများ၊ ရုရှားနိုင်ငံမှ ဝယ်ယူလျှင် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုကန့်သတ်ချက်နှင့် တရုတ်နိုင်ငံမှဝယ်ယူလျှင် အရည်အသွေးဆိုင်ရာပြဿနာ စသည့်စိုးရိမ်မှုများ ရင်ဆိုင်ရလျက်ရှိသည်။ ထိုသို့သောစိုးရိမ်မှုများက ဒေသတွင်းနိုင်ငံများအနေဖြင့် ကျယ်ပြန့်သည့် အရင်းအမြစ်များထံမှ လက်နက်များဝယ်ယူရန် တွန်းအားပေးလိမ့်မည်ဖြစ်သည်။ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများသည် အမေရိကန်၊ တရုတ်၊ ရုရှားတို့ကြား မဟာဗျူဟာပြိုင်ဆိုင်မှုအပေါ် စိုးရိမ်လျက်ရှိသည်။ ဤအင်အားကြီးနိုင်ငံများနှင့် နိုင်ငံရေးအရ ရောယှက်မှုကို တစ်စိတ်တစ်ပိုင်းရှောင်ရှားရန်နှင့် ဘတ်ဂျက်ကန့်သတ်ချက်များကြောင့် ဒေသတွင်းနိုင်ငံများသည် ပြင်သစ်၊ ဂျာမနီ၊ တောင်ကိုရီးယားတို့ကဲ့သို့သော အခြားထုတ်လုပ်ရောင်းချသူများကို ရှာဖွေနိုင်ဖွယ်ရှိနေသည်။ တောင်ကိုရီးယားထုတ် T-50TH တိုက်လေယာဉ်များသည် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံသို့ စတင်ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ယခင်စစ်လက်နက်ပစ္စည်းအရင်းအမြစ်ဟောင်းနိုင်ငံများအပေါ် စိုးရိမ်မှုနှင့် အရင်းအမြစ်သစ်များရှာဖွေမှုက ဒေသတွင်းလက်နက်ဈေးကွက်ကို ပြိုင်ဆိုင်မှုပိုမိုရရှိစေရန်သာမက အခြားသောလက်နက်ရောင်းချသူများအတွက် အခွင့်အလမ်းများလည်း ပေါ်ပေါက်လာစေနိုင်ကြောင်း လေ့လာဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- www.lowyinstitute.org/the-interpreter/southeast-asia-s-arms-suppliers-numbers-accessed, February 2025

**မောင်ဝေလွှမ်း(သုတေသီ)**

# ဆိုမာလီယာနိုင်ငံတွင် ကာလရှည်ပြင်းထန်ခြောက်သွေ့သောအခြေအနေများကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်လျက်ရှိ



**ဆိုမာလီယာ ဖေဖော်ဝါရီ ၁၁**

ဆိုမာလီယာနိုင်ငံတွင် ကာလရှည် ပြင်းထန်ခြောက်သွေ့သော အခြေအနေများကြောင့် ဒေသအများအပြားတွင် မိုးခေါင်ရေရှားမှုအခြေအနေများဖြစ်ပေါ်လျက်ရှိရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး၏ ဖေဖော်ဝါရီ ၁၀ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆိုမာလီယာနိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း မိုးရွာသွန်းမှု အလွန်လျော့နည်းခဲ့သဖြင့် လက်ရှိအချိန်တွင် နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ မိုးခေါင်ရေရှားမှုအခြေအနေများဖြစ်ပေါ်လျက်ရှိရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ ဆိုးရွားစွာဖြစ်ပေါ်နေကြောင်း သိရသည်။

ဆိုမာလီယာ ရေနှင့်မြေယာ အချက်အလက်စီမံခန့်ခွဲမှုအဖွဲ့၏ ထုတ်ပြန်ချက်များအရ လာမည့် ဧပြီလမှ ဇွန်လထိ ကာလအတွင်း မိုးရွာသွန်းမှုသည် ပုံမှန်အောက်သို့ ဆက်လက်၍ ရောက်ရှိမည်ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍတွင် နှောင့်နှေးမှုများကြောင့် စားနပ်ရိက္ခာအခက်အခဲများ ဖြစ်ပေါ်ဖွယ်ရှိကြောင်း၊ မိုးခေါင်ရေရှားမှု အခြေအနေများကြောင့် နိုင်ငံအတွင်းရှိ လူ ၄ ဒသမ ၄ သန်းခန့်မှာ အစားအစာမလုံလောက်မှုဖြင့် မြင့်မားစွာရင်ဆိုင်နေရပြီး ကလေးငယ် ၁ ဒသမ ၆ သန်းခန့်သည်လည်း အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေရကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံတွင် ယခုနှစ်ဧပြီလမှ ဇွန်လအတွင်း နှစ်စဉ်ကြုံတွေ့ရလေ့ရှိသော ပြင်းထန်သည့်ရာသီဥတုဖြစ်စဉ်များကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထပ်မံလိုအပ်ဖွယ်ရှိရာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံးက သတိပေးထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# ကိုလံဘီယာနိုင်ငံတွင် ၂၃ နှစ်အတွင်း တတိယမြောက်သစ်တောပြုန်းတီးမှုနှုန်းအနည်းဆုံးနှစ်ဖြစ်ခဲ့

**ဘိုဂိုတာ ဖေဖော်ဝါရီ ၁၁**

ကိုလံဘီယာနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုပမာဏကိုစစ်တမ်းများကောက်ယူခဲ့ရာ ၂၀၂၄ ခုနှစ်သည် နှစ်ပေါင်း ၂၃ နှစ်အတွင်း တတိယမြောက် သစ်တောပြုန်းတီးမှုနှုန်း အနည်းဆုံးနှစ်ဖြစ်ခဲ့သည်ဟု ကိုလံဘီယာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စူဇန်နာက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံများအနက် ကိုလံဘီယာနိုင်ငံသည် နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်း မြင့်မားသည့်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်မှစ၍ သစ်တောပြုန်းတီးမှုလျော့ကျရေး လုပ်ငန်းများကို စီမံချက်များဖြင့် ဆောင်ရွက်လာသည့်အတွက် ၂၀၂၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော သစ်တောပြုန်းတီးမှုမှာ သိသိသာသာလျော့ကျလာခဲ့ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး စူဇန်နာအနေဖြင့် သစ်တောပြုန်းတီးမှုလျှော့ချရေးကို အလေးထားဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံချက်များမှာ ထိရောက်မှုရှိခဲ့၍ သစ်တောပြုန်းတီးမှုများလျော့ကျလာခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း စူဇန်နာက ဖေဖော်ဝါရီ ၉ ရက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး တာဝန်မှ နုတ်ထွက်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။



"၂၀၂၄ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုကို စစ်တမ်းကောက်ယူခဲ့ရာမှာ ယခင်နှစ်တွေကထက် သိသိသာသာ လျော့ကျလာခဲ့ပါတယ်။ သစ်တောပြုန်းတီးမှုဟာ နှစ်ပေါင်း ၂၃ နှစ်အတွင်း တတိယမြောက် သစ်တောပြုန်းတီးမှုနှုန်း အနည်းဆုံးနှစ် ဖြစ်ခဲ့ပါတယ်။ ဒါဟာ ကိုလံဘီယာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် အကျိုးရှိစေမဲ့ အခြေအနေဖြစ်ပါတယ်"ဟု စူဇန်နာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အန္တရာယ်ရှိသည့် ရေဘေးအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းမှုအားနည်းသည့်အတွက် ဘော့စနီးယားအစိုးရကို ကျောင်းသား၊ ကျောင်းသူများက ဆန္ဒထုတ်ဖော်

**ဆာရာဂျေဗို ဖေဖော်ဝါရီ ၁၁**

ဘော့စနီးယားနိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ အစောပိုင်းက ဖြစ်ပေါ်ခဲ့သော ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၂၇ ဦးရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး အစိုးရ၏ ကိုင်တွယ်ဖြေရှင်းမှု အားနည်းခြင်းကြောင့်ဖြစ်ကြောင်း သုံးသပ်ချက်များ ထွက်ပေါ်လာခဲ့ပြီးနောက် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀၀ ကျော်သည် ဆာရာဂျေဗိုမြို့တွင် ဘော့စနီးယားအစိုးရကို ဖေဖော်ဝါရီ ၁၀ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင်ဖြစ်ပေါ်ခဲ့သော အဆိုပါ ရေကြီးရေလျှံမှုကြောင့် နေအိမ်များစွာ ပျက်စီးခဲ့သကဲ့သို့ မြေပြိုကျမှုများ၊ လမ်းပျက်စီးမှုများနှင့် တံတားပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ သေဆုံးသူ ၂၇ ဦးအနက် ၁၉ ဦးမှာ မြေပြိုကျမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ရေကြီးရေလျှံမှုဖြစ်ပွားစဉ် အစိုးရ၏ စီမံခန့်ခွဲမှု အားနည်းချက်ကြောင့် မလိုလားအပ်သောဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူအုပ်စုက ဝေဖန်မှုများပြုလုပ်ခဲ့ပြီး အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများကို စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးရန် အစိုးရကို တောင်းဆိုထားသော်လည်း တစ်စုံတစ်ရာစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းမရှိသေးသည့်အတွက် ကျောင်းသား၊ ကျောင်းသူများက ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ အစိုးရအဖွဲ့ကို ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တစ်ခါသုံးပလတ်စတစ်ပိုက်များသုံးစွဲခွင့် ပိတ်ပင်မည့်မူဝါဒကို ဖျက်သိမ်းကြောင်း သမ္မတဒေါ်နယ်ထရန့် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်နေသည့် သမ္မတဒေါ်နယ်ထရန့်သည် အမေရိကန်နိုင်ငံအတွင်း တစ်ခါသုံးပလတ်စတစ်ပိုက်များ သုံးစွဲခွင့် ပိတ်ပင်မည့်မူဝါဒကို ဖျက်သိမ်းကြောင်း ဖေဖော်ဝါရီ ၁၀ ရက်တွင် တရားဝင် လက်မှတ်ရေးထိုးခဲ့ကြောင်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးစီမံချက်အရ ယခင်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက်တွင် တစ်ခါသုံးပလတ်စတစ်ပိုက်များသုံးစွဲခွင့်ကို ၂၀၂၇ ခုနှစ်မှစတင်၍ ပိတ်ပင်မည်ဖြစ်သကဲ့သို့ တစ်ခါသုံးပလတ်စတစ်များသုံးစွဲမှုအားလုံးကို တားမြစ်သည့်မူဝါဒကို အမေရိကန်ဖက်ဒရယ်တစ်ခုလုံး အတိုင်းအတာဖြင့် ၂၀၃၅ ခုနှစ်မှစတင်၍ အကျိုးဝင်သည့်မူဝါဒကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း၊ သမ္မတဟောင်း ဂျိုးဘိုင်ဒင်လက်ထက်တွင် တစ်ခါသုံးပလတ်စတစ်ပိုက်များ နေရာတွင် စက္ကူပိုက်များဖြင့် အစားထိုးသွားရန် ပြင်ဆင်မှုများပြုလုပ်ခဲ့ရာတွင် သမ္မတဒေါ်နယ်ထရန့်က စက္ကူပိုက်များသည် အလုပ်မဖြစ်နိုင်သောကြောင့် တစ်ခါသုံး ပလတ်စတစ် ပိုက်များကိုသာ သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ပလတ်စတစ်ပိုက်တွေကို သုံးစွဲခွင့်ပိတ်ပင်တဲ့ ဂျိုးဘိုင်ဒင်ရဲ့ မူဝါဒကို ဖျက်သိမ်းလိုက်ပါပြီ။ ပလတ်စတစ်ပိုက်တွေကို ပုံမှန်အတိုင်း ပြန်လည်သုံးစွဲခွင့်ပြုသွားမှာဖြစ်ပါတယ်"ဟု သမ္မတဒေါ်နယ်ထရန့်က ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရန့်က ပလတ်စတစ် အမှိုက်များသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမှုတွင် သေးငယ်သည့်ပမာဏ တစ်ရပ်သာရှိပြီး အမှန်တကယ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့်ပြဿနာကို တိကျသည့် အဖြေရှာဖွေနိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# လူသားများကြောင့်ဖြစ်ပေါ်လာသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် အအေးပြင်းထန်မှုဖြစ်ရပ်များလျော့ကျလာ

**ပေကျင်း ဖေဖော်ဝါရီ ၁၁**

တရုတ်နှင့်အမေရိကန်သုတေသီများ ပူးပေါင်းလုပ်ဆောင်ခဲ့သည့် လေ့လာမှုတစ်ခုအရ လူသားများကြောင့်ဖြစ်ပေါ်လာသော ရာသီဥတုပြောင်းလဲမှုများ၏ ပြင်းထန်မှုကို လျော့ကျလာစေကြောင်း တရုတ်သိပ္ပံအကယ်ဒမီ၏ လေထုလေ့လာရေး အင်စတီကျူ၏ ဖေဖော်ဝါရီ ၁၀ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တရုတ်သိပ္ပံအကယ်ဒမီ၏ လေထုလေ့လာရေး အင်စတီကျူ၊ တရုတ်မိုးလေဝသသိပ္ပံအကယ်ဒမီနှင့် နယူးယောက်ပြည်နယ်တက္ကသိုလ်(အယ်လ်ဘာနီ) တို့မှ သုတေသီများ ပူးပေါင်းပြုလုပ်သည့်လေ့လာမှုတစ်ခုအရ လူသားများကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာကြီးပူနွေးမှုသည် အအေးပြင်းထန်မှု ဖြစ်ရပ်များ၏ ပြင်းထန်မှုကိုပင် လျော့ကျလာစေသည်ကို တွေ့ရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါ သုတေသီအဖွဲ့သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အရှေ့တရုတ်ဒေသကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော ပြင်းထန်သည့် အအေးလှိုင်းများကို အဓိကထား လေ့လာခဲ့ကြခြင်းဖြစ်ပြီး အဆိုပါ အအေးလှိုင်းသည် ပုံမှန်မဟုတ်သည့် ကြီးမားသည့် လေထုလည်ပတ်မှုပုံစံများကြောင့် စတင်ဖြစ်ပေါ်ခဲ့ပြီး အအေးပြင်းထန်မှုကို ၈၃ ရာခိုင်နှုန်းထိ သက်ရောက်မှုရှိခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှု၏အပူချိန်ကြောင့် အအေးပြင်းထန်မှုကို ၂၂ ရာခိုင်နှုန်းထိ ပြန်လည်လျော့ကျစေခဲ့ကြောင်း၊ သို့သော်လည်း အအေးပြင်းထန်မှုဖြစ်ရပ်များသည် လုံးဝပျောက်ကွယ်သွားမည်မဟုတ်ဘဲ ပဲရစ်သဘောတူညီချက်ပါ ကမ္ဘာကြီးပူနွေးမှုကို ၁ ဒသမ ၅ စင်တီဂရိတ်ထိ လျှော့ချနိုင်ခဲ့လျှင်ပင် အအေးပြင်းထန်မှုဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်နေဦးမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH



*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

လုကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed–back Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားဖို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၄၆၂၃ ဧကထိ စိုက်ပျိုးပြီးစီး



**ရွှေဘို ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ၂၄၆၂၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧက၂၇၅၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၆၂၃ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံဧက ၂၇၅၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ဒီနေ့ထိ ၂၄၆၂၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ဂျုံသီးနှံ အထွက်တိုးဖို့မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ဂျုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၇၂ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၀၀၇ ဧကနှင့် ဝက်လက်မြို့နယ်တွင် ၂၃၅၄၄ ဧက စုစုပေါင်း ၂၄၆၂၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ဂျုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၅၅ ဧက၊ခင်ဦးမြို့နယ်တွင် ၂၇၈၈ ဧကနှင့် ဝက်လက်မြို့နယ်တွင် ၂၄၅၅၇ ဧက စုစုပေါင်း ဧက ၂၇၅၀၀ တို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ ဂျုံသီးနှံများအားလုံး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ဂျုံများအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ကြောင်း ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် ဂျုံသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## သဲကုန်းမြို့နယ် ပျဉ်ထောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးမှု စစ်ဆေး

**သဲကုန်း ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီးနတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ပျဉ်ထောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုများကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ပျဉ်ထောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်တာများ မှာကြားသည်။

အဆိုပါကျေးရွာတွင် ဘက်စုံသုံးခန်းမအလျားပေ ၃၀၊ အကျယ်ပေ၂၀၊ အမြင့်၁၂ပေ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၃ ဒသမ ၇၅ သန်း ဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၀၇ အိမ်၊ လူဦးရေ ၄၂၂ ဦး အကျိုးပြုလျက်ရှိကြောင်းနှင့် ယခင်ထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

သုတ










## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့၊ အထက-ငါန်းဇွန် Grade-10 တွင် ပညာသင်ကြားနေသော မောင်ဟဲဗီးဖြိုး၏ဖခင် ဦးဇော်လင်းဦး (ခ) ဦးဇော်လင်းအောင် (၉/ငဇန(နိုင်)၀၈၉၉၃၃) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးဇော်လင်းဦး (ခ) ဦးဇော်လင်းအောင်(၉/ငဇန(နိုင်) ၀၈၉၉၃၃)

## မွေးသက္ကရာဇ်အမှန်

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရွာသစ်ကလေးရွာနေ (ဘ) ဦးတင်မြင့်အောင်၏သမီး မပိုးပိုးဇင်၏မွေးသက္ကရာဇ်အမှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ (၃-၇-၂၀၀၃) ဖြစ်ပါကြောင်း။ မပိုးပိုးဇင်(၃-၇-၂၀၀၃)

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကနီမြို့နယ်၊ လက်ပံစုကျေးရွာနေ မမေဇင်ဦး (၅/ကနန(နိုင်)၁၀၈၉၅၅)၏ ဖခင်အမည်မှာ ဦးမျိုး (ခ) ဦးမျိုးမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမျိုး (ခ) ဦးမျိုးမြင့်(၅/ကနန(နိုင်)၀၃၀၃၄၄)

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ မောင်သူရထွန်း (ဘ) ဦးသန်းဆွေ(၉/ခမစ(နိုင်)၀၁၉၈၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-342878)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၈၉၉၈၄၅၅

## အဖိုးတန်ရေချိုကို ချွေတာပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည် သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

စာမျက်နှာ- ၁၉

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို တွေ့ဆုံအမှာစကားပြောကြား

**အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်း- စာမျက်နှာ ၁၆)




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563